# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျရောက်လေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက် | ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၈ ရက်၊ သောကြာနေ့ | အတွဲ (၆၄)၊ အမှတ် (၀၃၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အင်္ဂမြစ်ဝှမ်း မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး၏ နိုင်ငံ့ခေါင်းဆောင်များ မျက်နှာစုံညီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အင်္ဂမြစ်ဝှမ်း မဟာမဲခေါင်ဒေသခွဲ (ဂျီအမ်အက်စ်) ထိပ်သီးအစည်းအဝေးသို့ တက်ရောက်

## လက်ရှိ နိုင်ငံအချင်းချင်းနှင့် ဘက်စုံပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်များအပါအဝင် အခြားသော နိုင်ငံတကာ ကတိကဝတ်များကို အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံအနေဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်

နေပြည်တော် နိုဝင်ဘာ ၇

အင်္ဂမြစ်ဝှမ်း မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး (8th Greater Mekong Subregion Summit)ကို ယနေ့နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ ဟိုင်ဂန်ကွန်ဗင်းရှင်းစင်တာ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပါဝင်တက်ရောက်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ❖




မြန်မာ့အလင်း

## ချစ်ကြည်ရင်းနှီးမှု အားသစ်လောင်း အိမ်နီးချင်းကောင်းအဖြစ် ထာဝရရပ်တည်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရ၏ဖိတ်ကြားချက်အရ ထိပ်သီးအစည်းအဝေးများ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Li Qiang တို့ နိုဝင်ဘာ ၆ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ရာတွင် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို အားသစ်လောင်းပေးနိုင်ခဲ့ပြီး ဆွေမျိုးပေါက်ဖော်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကိုလည်း ဆွေးနွေးနိုင်ခဲ့သည်။

မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံကြသည့် နိုင်ငံပေါင်း ၅၂ နိုင်ငံ ရှိသည့်အနက် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ဒုတိယအများဆုံးရင်းနှီးမြှုပ်နှံသည့် နိုင်ငံဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများသည် များစွာအရေးပါသည့်အလျောက် ပြည်ပရင်းနှီးမြှုပ်နှံမှုများကို မြန်မာနိုင်ငံက ဖိတ်ခေါ်လျက်ရှိရာ တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုမြင့်မားတိုးတက်လာနိုင်သည့် အခွင့်အလမ်းများစွာရှိနေသည်။ တရုတ်ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံတော်အကြီးအကဲက တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများ၊ စီမံကိန်းများနှင့် နိုင်ငံသားများ၏ လုံခြုံဘေးကင်းရေးကို အထူးအလေးထားဆောင်ရွက်လျက်ရှိပါကြောင်း ထည့်သွင်းပြောကြားခဲ့ပြီး တရုတ်-မြန်မာ စီးပွားရေးစင်္ကြံပူးပေါင်းဆောင်ရွက်မှုစီမံကိန်းအရ စီးပွားရေးစင်္ကြံတည်ဆောက်မှုစီမံချက်အား မြန်မာဘက်မှ အလေးထားဆောင်ရွက်နေကြောင်းလည်း ပြောကြားခဲ့သည်။ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်ကြေညာခဲ့သည့် ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု အစီအမံ(BRI)၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။

တရုတ်-မြန်မာ စီးပွားရေးစင်္ကြံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်ရှိ ကူမင်းမြို့နှင့် မြန်မာနိုင်ငံရှိ စီးပွားရေးအချက်အချာမြို့များဖြစ်သော မူဆယ်၊ မန္တလေး၊ ရန်ကုန်၊ ကျောက်ဖြူတို့ကို ချိတ်ဆက်သွားမည်ဖြစ်ပြီး စီးပွားရေးစင်္ကြံတစ်လျှောက်တွင် အထူးစီးပွားရေးဇုန်များ၊ ဆိပ်ကမ်းများ၊ အဆင့်မြင့်နယ်စပ်ဂိတ်များ၊ ကုန်လှောင်ရုံများ၊ စက်မှုဇုန်များ၊ ကုန်စည်သယ်ယူရေးလမ်းကြောင်းများ တည်ဆောက်အကောင်အထည်ဖော်သွားမည်ဖြစ်ရာ တရုတ်-မြန်မာ နှစ်နိုင်ငံလုံးအတွက် အကျိုးစီးပွားဖြစ်ထွန်းနိုင်မည် ဖြစ်သည်။ စီးပွားရေးစင်္ကြံတည်ဆောက်မှုစီမံချက်ကို မြန်မာဘက်မှ အလေးထားဆောင်ရွက်နေသကဲ့သို့ပင် "တရုတ်-မြန်မာစီးပွားရေးစင်္ကြံတည်ဆောက်ရေးသည် ထိပ်တန်းစီမံကိန်းဖြစ်သဖြင့် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း" တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံတည်ဆောက်ရေးတွင် နယ်စပ်ဒေသတစ်လျှောက် တည်ငြိမ်အေးချမ်းရေးနှင့် စီးပွားရေးစင်္ကြံဒေသတစ်လျှောက် တည်ငြိမ်အေးချမ်းရေးတို့ကို ဖော်ဆောင်သွားရန် လိုအပ်သည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းရေးသည် မရှိမဖြစ်လိုအပ်ချက်ဖြစ်ရာ နိုင်ငံတော်အစိုးရက ငြိမ်းချမ်းရေးတံခါးကို အမြဲဖွင့်ထားပြီး ဆွေးနွေးရန်အသင့်ရှိနေသည်။ မြန်မာ့တပ်မတော်သည် ၂၀၁၈ ခုနှစ်ကပင် စတင်ကာ အပစ်အခတ်ရပ်စဲရေးကို တစ်ဖက်သတ်ကြေညာခဲ့ပြီး ငြိမ်းချမ်းရေးကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ အပစ်အခတ်ရပ်စဲရေးကြေညာထားသည့်ကာလအတွင်း လက်နက်ကိုင်အဖွဲ့များက တိုက်ခိုက်မှသာ တပ်မတော်က တုံ့ပြန်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခများကို ဖြေရှင်းရာတွင် နိုင်ငံရေးအရ ဖြေရှင်းနိုင်ရန် နိုင်ငံတော်က ဖိတ်ခေါ်ထားရာ နိုင်ငံရေးပြဿနာမှန်ပါက ပြေလည်နိုင်ရမည်သာ ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ တရုတ်-မြန်မာ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးကို မဖြစ်မနေ တည်ဆောက်သွားရန်လိုပြီး တရားမဝင် လုပ်ငန်းများနှင့် တရားမဝင်ကုန်သွယ်မှုများကိုပါ တိုက်ဖျက်ရှင်းလင်းသွားရမည်ဖြစ်သည်။

နှစ်ပေါင်းထောင်ချီ ကြာမြင့်ခဲ့ပြီဖြစ်သည့် တရုတ်နှင့် မြန်မာ ဆက်ဆံရေးသည် အနာဂတ်ကာလတစ်လျှောက်လုံးတွင်လည်း အိမ်နီးချင်းကောင်းများအဖြစ် ထာဝရရပ်တည်သွားကြရမည်ဖြစ်သည်။ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သည်နှင့်အမျှ နှစ်နိုင်ငံပြည်သူများကြားတွင်လည်း ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုများ ပိုမိုမြင့်မားလာမည် ဧကန်ဖြစ်သည်ဟု ယုံကြည်ပါကြောင်း။ ။



ယခင်နှစ်က ကျင်းပခဲ့သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မီးပုံးပျံများ ယှဉ်ပြိုင်လွှတ်တင်ပူဇော်မှုကို စည်ကားသိုက်မြိုက်စွာတွေ့ရစဉ်။

## မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဒုတိယအကြိမ် မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲ၊ တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မီးပုံးပျံများ ယှဉ်ပြိုင်လွှတ်တင်ပူဇော်မှုများဖြင့် စည်ကားသိုက်မြိုက်စွာ စီစဉ်ကျင်းပမည်

နေပြည်တော် နိုဝင်ဘာ ၇

နိုင်ငံတစ်ဝန်း တန်ဆောင်တိုင်ပွဲတော်များ စီစဉ်ကျင်းပ၍ ပျော်ရွှင်စွာဆင်နွှဲမှုနှင့်အတူ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်အတွင်း၌လည်း ယခင်နှစ်ကဲ့သို့ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဒုတိယအကြိမ် မသိုးရွှေကြာသင်္ကန်းတော် ရက်လုပ်ပူဇော်ပွဲ၊ ဝတ်ရွတ်အသင်းအဖွဲ့များက အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊ မီးပုံးပျံကြီးများ ယှဉ်ပြိုင်လွှတ်တင်ပူဇော်ပွဲနှင့် မီးရှူးမီးပန်းများပစ်လွှတ်ပူဇော်မှု၊ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း ဆီမီး ၉၀၀၀ ထွန်းညှိကပ်လှူပူဇော်မှု၊ LED မီးများဖြင့် အလှဆင်ပူဇော်မှုများ စီစဉ်ကျင်းပမည့်အပြင် ဇာတ်သဘင်ပွဲထည့်သွင်းပြီး ကပြဖျော်ဖြေတင်ဆက်မှုများဖြင့် စည်ကားသိုက်မြိုက်စွာ စီစဉ်ကျင်းပမည်ဖြစ်သည်။

ထို့ပြင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME)များ၏ ဒေသထွက်ကုန်၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်ခန်းများ၊ ဒေသထွက် မြန်မာ့ရိုးရာအစားအစာအရောင်းဆိုင်များ ထည့်သွင်းခင်းကျင်းပြသ၊ရောင်းချကြမည်ဖြစ်ကြောင်း၊ ဇာတ်သဘင်ဖျော်ဖြေတင်ဆက်မှုတွင် မြန်မာနိုင်ငံ သဘင်အစည်းအရုံး၏စီစဉ်မှုဖြင့် ဇာတ်မင်းသား ဖိုးချစ်တို့အဖွဲ့နှင့်အတူ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်ဝန်ထမ်းများက ယိမ်းအကအလှများ၊ တေးသီချင်းများဖြင့် နိုဝင်ဘာ ၁၃ ရက်မှ ၁၅ ရက်အထိ ညစဉ် ကပြဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၇

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့ နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မြစ်ကြီးနားမြို့ရှိ အောင်ဇေရန်အောင် တပ်ဦးကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၃ ပါးအား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | စိုးစိုးနိုင် | သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းမှူး | - | မြင့်စိုး | အကြီးတန်း | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| စာတည်းများ | - | ဝင်းကျော်၊ နေဇာဇာထွန်း | သတင်းထောက်များ | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | | |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)

ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS


MYANMAR Digital News
Presented by NPE
www.mdn.gov.mm

*❖ ရှေ့ဖုံးမှ*

အစည်းအဝေးသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Li Qiang၊ ကမ္ဘောဒီးယားဘုရင့်နိုင်ငံဝန်ကြီးချုပ် H.E. Mr. Hun Manet၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Sonexay Siphandone၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Ms. Paetongtarn Shinawatra၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Mr. Pham Minh Chich၊ အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ Mr. Masatsugu Asakawa နှင့် မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဋ္ဌမအကြိမ် မဟာမဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေးကို အပိုင်းနှစ်ပိုင်းဖြင့် ကျင်းပပြုလုပ်ခဲ့ပြီး "နိုင်ငံ့ခေါင်းဆောင်များ သီးသန့် အစည်းအဝေး" နှင့် "မျက်နှာစုံညီ အစည်းအဝေး" ဟူ၍ အပိုင်းနှစ်ပိုင်းခွဲ၍ ကျင်းပပြုလုပ်သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အစည်းအဝေးများသို့ တက်ရောက်ရန် ရောက်ရှိလာရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ဆက်ပြီး အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးချုပ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Li Qiang က ကြိုဆိုနှုတ်ဆက်စဉ်။

### "ဆန်းသစ်တီထွင်မှုဖော်ဆောင်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်ရေး" ခေါင်းစဉ်ဖြင့် ဒေသတွင်း ပေါင်းစည်းဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များအကြံပြုဆွေးနွေး

ထို့နောက် ပထမအပိုင်းဖြစ်သည့် နိုင်ငံ့ခေါင်းဆောင်များ သီးသန့်အစည်းအဝေးကို ကျင်းပပြုလုပ်ရာ သဘာပတိဖြစ်သူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာကြသည့် နိုင်ငံ့ခေါင်းဆောင်များက **"ဆန်းသစ်တီထွင်မှု ဖော်ဆောင်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်ရေး"** ခေါင်းစဉ်ဖြင့် ဒေသတွင်း ပေါင်းစည်းဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များနှင့် ပြင်ဆင်ထားရမည့် ကိစ္စရပ်များအပေါ် အကြံပြုဆွေးနွေးကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာတွင် ယနေ့နိုင်ငံခေါင်းဆောင်များသီးသန့်အစည်းအဝေးတွင် ဆန်းသစ်တီထွင်မှုဖြင့်အောင်မြင်သည့် ဒေသခွဲတစ်ခုပေါ်ပေါက်လာစေရန် ဦးတည်ဆွေးနွေးလိုကြောင်း၊ ယနေ့ခေတ်တွင် နည်းပညာနှင့် သုတေသနတီထွင်မှုများသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးမှုအတွက် များစွာအထောက်အကူပြုသည်ကို အားလုံးသိပြီးဖြစ်ကြောင်း၊ လျင်မြန်စွာပြောင်းလဲနေသည့် ကမ္ဘာ့စီးပွားရေးတွင် ဆန်းသစ်တီထွင်မှုကို အားပေးသည့်နိုင်ငံများ၊ ဒေသများအနေဖြင့် စီးပွားရေးတိုးတက်မှုကို မြှင့်တင်နိုင်ပြီး အလုပ်အကိုင်များဖန်တီးပေးနိုင်ခြင်း၊ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်လာနိုင်ခြင်းစသည့် လူမှုဘဝအရည်အသွေးများကို မြှင့်တင်ပေးနိုင်သည်ကို တွေ့ရကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသတွင်းစီးပွားရေးလုပ်ငန်းရှင်များကပါ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်မှုနှင့်ပတ်သက်၍ ပြောကြားရာ၌ "တစ်ချိန်တည်းမှာပဲ တီထွင်ဆန်းသစ်မှုတွေဟာ မိမိနိုင်ငံရဲ့ ရေမြေသဘာဝ၊ ပထဝီအနေအထားတွေနဲ့ ကိုက်ညီဖို့လိုတဲ့အပြင် အစိုးရ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ ပုဂ္ဂလိကနဲ့ ဒေသန္တရအစိုးရတွေအပြင် အသိပညာရှင် အတတ်ပညာရှင်တွေ၊ စွန့်ဦးတီထွင်သူတွေနဲ့ စီးပွားရေးလုပ်ငန်းရှင်တွေကပါ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။" ဟု ပြောကြားခဲ့သည်။

အခြားတစ်ဖက်တွင်လည်း အရင်းအမြစ်များ ရရှိနိုင်မှုသည် အလွန်ပင်အရေးကြီးကြောင်း၊ ဆန်းသစ်တီထွင်မှုအတွက် သုတေသနနှင့် ဖွံ့ဖြိုးမှု(R&D) သည် မရှိမဖြစ်လိုအပ်သည့် အရင်းအမြစ်ဖြစ်သကဲ့သို့ ဆန်းသစ်တီထွင်မှုရန်ပုံငွေအတွက် အစိုးရ၊ ပုဂ္ဂလိကနှင့် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှု၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ ပံ့ပိုးမှုစသည့်နယ်ပယ်ပေါင်းစုံက အရင်းအမြစ်များနှင့် ပေါင်းစည်းပြီး ဆောင်ရွက်မှသာ ပြည့်စုံမည်ဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံအတွက် ဆန်းသစ်တီထွင်မှုကို ဖော်ဆောင်ရာတွင် အုပ်ချုပ်မှုယန္တရားအဖြစ် လုပ်ငန်းအဖွဲ့၊ ဖိုရမ် စသည်ဖြင့် ဆောင်ရွက်မည့် အစီအမံများ စနစ်တကျရှိရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံတွင် အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကောင်စီကို ဖွဲ့စည်းထားပြီး ဆန်းသစ်တီထွင်မှုဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံများနှင့်ဖွဲ့စည်းထားသည့် ဂျီအမ်အက်စ်ဒေသခွဲအနေဖြင့် စိုက်ပျိုးစီးပွားပိုမိုတိုးတက်ထွန်းကားလာရန်နှင့် စားနပ်ရိက္ခာဖူလုံရန်အတွက် ဆန်းသစ်တီထွင်မှုနှင့် အရှိန်မြှင့်တင်ရမည်ပင်ဖြစ်ကြောင်း။ ဂျီအမ်အက်စ်အစီအစဉ်၏ ကဏ္ဍအားလုံးကို ဆန်းသစ်တီထွင်မှု မဟာဗျူဟာနှင့် ချိတ်ဆက်ဆောင်ရွက်ရန် အရေးကြီးကြောင်း၊ မဟာဗျူဟာအရ အထူးသဖြင့် စိုက်ပျိုးရေး၊ ခရီးသွားလုပ်ငန်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတို့ကို ဦးစားပေးဆောင်ရွက်သွားမည်ဆိုသည့် လုပ်ငန်းစဉ်ကလည်း ဒေသတွင်း လိုအပ်ချက်အရ များစွာသင့်တော်ကြောင်း။

ယင်းဦးစားပေးကဏ္ဍများအပြင် ကျန်ရှိနေသည့် စွမ်းအင်၊ ကျန်းမာရေး၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် ပို့ဆောင်ရေးကဏ္ဍတို့တွင် ဆက်လက်ဆောင်ရွက်သွားရန် ပြင်ဆင်ထားကြရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် ကျန်းမာရေးကဏ္ဍတွင် နည်းပညာအသစ်များဖြင့် ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှု၊ ကျန်းမာရေးနှင့် လူသားအရင်းအမြစ်ချိတ်ဆက်မှု၊ ဆေးပညာဆိုင်ရာ တက္ကသိုလ်အဆင့်ချိတ်ဆက်မှုများမှတစ်ဆင့် ကုသမှုနည်းပညာများ ပေါင်းစည်းဆောင်ရွက်ခြင်း၊ အဆင့်မြင့်ကုသနည်းဖော်ထုတ်ခြင်းများကို ဆောင်ရွက်ကြရန်နှင့် နည်းပညာလွှဲပြောင်းမှုစင်တာများနှင့် အသိပညာဖြန့်ဝေရေးစင်တာများမှတစ်ဆင့် ချိတ်ဆက်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။

နိုင်ငံအသီးသီးတွင် မူပိုင်ခွင့်ဥပဒေများ၊ သက်ဆိုင်ရာကဏ္ဍအလိုက် ဥပဒေများက ပြဋ္ဌာန်းထားပြီးဖြစ်ကြသည့်အတွက် နိုင်ငံအချင်းချင်းဖြစ်စေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကတစ်ဆင့်ဖြစ်စေ ဆန်းသစ်တီထွင်မှုကဏ္ဍတွင် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ခြင်းဖြင့် ဂျီအမ်အက်စ်ဒေသခွဲအတွင်း အဖွဲ့ဝင်နိုင်ငံအားလုံးအတွက် တိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ကြောင်းဖြင့် အကြံပြုဆွေးနွေးခဲ့သည်။

ထို့နောက် သဘာပတိက ဆွေးနွေးမှုများအပေါ် အကျဉ်းချုပ်တင်ပြပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးပထမပိုင်းကို ရုပ်သိမ်းခဲ့သည်။

### "ဆန်းသစ်တီထွင်မှုဖော်ဆောင်ခြင်းဖြင့် ပိုမိုကောင်းမွန်သည့် အသိုက်အဝန်းဆီသို့" ခေါင်းစဉ်ဖြင့် နိုင်ငံ့ခေါင်းဆောင်များ မျက်နှာစုံညီ အစည်းအဝေး ဆက်လက်ကျင်းပ

ထို့နောက် အစည်းအဝေးအစီအစဉ် ဒုတိယအပိုင်းအဖြစ် **"ဆန်းသစ်တီထွင်မှု ဖော်ဆောင်ခြင်းဖြင့် ပိုမိုကောင်းမွန်သည့် အသိုက်အဝန်းဆီသို့"** ခေါင်းစဉ်ဖြင့် နိုင်ငံ့ခေါင်းဆောင်များ မျက်နှာစုံညီအစည်းအဝေးကို ဆက်လက်ကျင်းပရာ အဖွဲ့ဝင် နိုင်ငံခြောက်နိုင်ငံမှ နိုင်ငံ့ခေါင်းဆောင်ကြီးများ၊ အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌနှင့် မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များနှင့် အဖွဲ့ဝင်နိုင်ငံများမှ ဒေသန္တရအစိုးရကိုယ်စားလှယ်များ စုစုပေါင်း ၂၀၀ ခန့် ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေး၌ အိမ်ရှင်နိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Li Qiang က အဖွင့်အမှာစကားပြောကြားပြီးနောက် အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခေါင်းဆောင်များနှင့် အာရှဖွံ့ဖြိုးရေးဘဏ်မှဥက္ကဋ္ဌတို့က အသီးအသီး အမှာစကားပြောကြားကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ရာဂီတိုင်ဖွန်းမုန်တိုင်းကြောင့် မိမိတို့ မြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင်နိုင်ငံများတွင် လူပေါင်းများစွာ ရေဘေးသင့်ဒဏ်၊ မြေပြိုမှုဒဏ်များကို ခံစားခဲ့ကြရကြောင်း၊ မိမိတို့အနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံအစိုးရအချင်းချင်း၊ အာဆီယံနှင့် နိုင်ငံတကာအသိုက်အဝန်းများ၊ ပြည်သူများနှင့်အတူ လက်တွဲပူးပေါင်းပြီး ဆောင်ရွက်ခဲ့ကြောင်း၊ ရာဂီတိုင်ဖွန်းမုန်တိုင်း၏ သက်ရောက်မှုကို ဆိုးရွားစွာခံစားခဲ့ရသည့် ဂျီအမ်အက်စ်ဒေသခွဲရှိ ပြည်သူများအားလုံး ပုံမှန်အခြေအနေသို့ အမြန်ဆုံးရောက်ရှိကြပါစေကြောင်း။

၁၉၉၂ ခုနှစ်ကတည်းကစပြီး ဆယ်စုနှစ်သုံးခုကျော်ကာလ လျှောက်လှမ်းလာခဲ့သည့် ဂျီအမ်အက်စ်အစီအစဉ်သည် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုတွင် သိသာထင်ရှားသည့် အောင်မြင်မှုများ ရရှိခဲ့သည့်အတွက် ဂုဏ်ယူပါကြောင်းဖြင့် ပြောကြားသည်။ *စာမျက်နှာ ၄ သို့*

❖ **နိုင်ငံတစ်နိုင်ငံအတွက် ဆန်းသစ်တီထွင်မှုကို ဖော်ဆောင်ရာတွင် အုပ်ချုပ်မှုယန္တရားအဖြစ် လုပ်ငန်းအဖွဲ့၊ ဖိုရမ် စသည်ဖြင့် ဆောင်ရွက်မည့်အစီအမံများ စနစ်တကျရှိရန်လိုအပ်၊ မြန်မာနိုင်ငံတွင် အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကောင်စီကို ဖွဲ့စည်းထားပြီး ဆန်းသစ်တီထွင်မှုဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိ**

❖ **စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံများနှင့်ဖွဲ့စည်းထားသည့် ဂျီအမ်အက်စ်ဒေသခွဲအနေဖြင့် စိုက်ပျိုးစီးပွားပိုမိုတိုးတက်ထွန်းကားလာရန်နှင့် စားနပ်ရိက္ခာဖူလုံရန်အတွက် ဆန်းသစ်တီထွင်မှုနှင့် အရှိန်မြှင့်တင်ရမည်ပင်ဖြစ်၊ ဂျီအမ်အက်စ်အစီအစဉ်၏ ကဏ္ဍအားလုံးကို ဆန်းသစ်တီထွင်မှု မဟာဗျူဟာနှင့် ချိတ်ဆက်ဆောင်ရွက်ရန်အရေးကြီး၊ မဟာဗျူဟာအရ အထူးသဖြင့် စိုက်ပျိုးရေး၊ ခရီးသွားလုပ်ငန်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတို့ကို ဦးစားပေးဆောင်ရွက်သွားမည်ဆိုသည့် လုပ်ငန်းစဉ်ကလည်း ဒေသတွင်း လိုအပ်ချက်အရ များစွာသင့်တော်ကြောင်း**




တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Li Qiang နိုင်ငံ့ခေါင်းဆောင်များ မျက်နှာစုံညီအစည်းအဝေးတွင် အဖွင့်အမှာစကားပြောကြားစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံ့ခေါင်းဆောင်များ မျက်နှာစုံညီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

- **ကမ္ဘာ့လူဦးရေသည် ယခု ၈ ဒသမ ၃ ဘီလီယံရှိပြီး ၂၀၃၀ တွင် ၈ ဒသမ ၆ ဘီလီယံ၊ ၂၀၃၅ တွင် ၈ ဒသမ ၉ ဘီလီယံရှိမည်ဟု ခန့်မှန်းထား၊ ရိက္ခာဖူလုံမှုပြဿနာသည် ပိုမိုကြီးမားလာဖွယ်ပင်ရှိ၊ စားနပ်ရိက္ခာထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့် ဖြန့်ဖြူးမှုတို့သည် နိုင်ငံတစ်နိုင်ငံ၏ နယ်နိမိတ်အတွင်းမှာသာ ဆောင်ရွက်နေရခြင်းမဟုတ်သည့်အတွက် စားနပ်ရိက္ခာဖူလုံမှုကို စဉ်းစားပါက ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီး**
- **မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များကို ခေတ်မီနည်းစနစ်များအသုံးပြုပြီး ပြည်သူများ၏ စားနပ်ရိက္ခာဖူလုံစေရန်အတွက် အလေးထားဆောင်ရွက်ပေးလျက်ရှိ၊ ၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံသည် ကမ္ဘာ့ဆန်တင်ပို့မှုအများဆုံးနိုင်ငံများထဲတွင် အဆင့် (၈) ဖြစ်ပြီး ပဲတင်ပို့မှုတွင် အဆင့် (၂) ရှိ၊ ထို့ကြောင့် ပြည်တွင်းစားနပ်ရိက္ခာဖူလုံမှုသာမက ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက်လည်း ဆက်လက်ကြိုးပမ်းလျက်ရှိ**

*စာမျက်နှာ ၃ မှ*

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မဟာဗျူဟာရေးဆွဲရေးဆိုင်ရာ သဘောတရားစာတမ်း (Concept Paper) အတည်ပြုမှုနှင့်ပတ်သက်၍ ပြောကြားရာ၌ "နိုင်ငံတကာမှာ ဆန်းသစ်တီထွင်မှုနဲ့ပတ်သက်ပြီး အလေးထား ဆောင်ရွက်နေကြတာဖြစ်တဲ့အတွက် **"ဆန်းသစ်တီထွင်မှု ဖော်ဆောင်ခြင်းဖြင့် ပိုမိုကောင်းမွန်သည့် အသိုက်အဝန်းဆီသို့"** ဆိုတဲ့ ဒီထိပ်သီးအစည်းအဝေးရဲ့ခေါင်းစဉ်နဲ့ ဒီကနေ့အတည်ပြုမယ့် ဆန်းသစ်တီထွင်မှု မဟာဗျူဟာ (Innovation Strategy) တို့ဟာ ဂျီအမ်အက်စ်ဒေသခွဲအတွက် အချိန်အခါသင့်ဖြစ်ပါတယ်။ ဒေသခွဲအတွင်း ကုန်ထုတ်စွမ်းအားမြှင့်တင်မှု၊ နည်းပညာတိုးတက်မှု၊ စက်မှုလုပ်ငန်းသစ်တွေနဲ့ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှုတို့အတွက် နည်းပညာနဲ့ ဆန်းသစ်တီထွင်မှုဟာ အဓိက မောင်းနှင်အားပဲဖြစ်ပါတယ်။

အားလုံးသိပြီးဖြစ်တဲ့အတိုင်း ဂျီအမ်အက်စ်ရဲ့ **ဆန်းသစ်တီထွင်မှုမဟာဗျူဟာ ၂၀၃၀** ဟာ ဂျီအမ်အက်စ် မဟာဗျူဟာမူဘောင် ၂၀၃၀ အကောင်အထည်ဖော်ရာမှာ ပူးပေါင်းဆောင်ရွက်မှုတွေ အရှိန်မြှင့်တင်နိုင်ဖို့ရည်ရွယ်ချက်နဲ့ ရေးဆွဲထားတာဖြစ်ပြီး မဟာဗျူဟာရေးဆွဲရေးဆိုင်ရာ သဘောတရားစာတမ်း (Concept Paper) ကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလက မြန်မာနိုင်ငံမှာ ကျင်းပခဲ့တဲ့ ၂၆ ကြိမ်မြောက် ဂျီအမ်အက်စ်ဝန်ကြီးများအစည်းအဝေးမှာ အတည်ပြုခဲ့ကြပြီးဖြစ်ပါတယ်။" ဟု ပြောကြားခဲ့သည်။

ယနေ့ခေတ်ကာလတွင် ကမ္ဘာ့နိုင်ငံများအတွက် စိန်ခေါ်မှုအဖြစ် ရင်ဆိုင်နေကြရသည့် ရာသီဥတုပြောင်းလဲမှု၊စားရေရိက္ခာဖူလုံမှု၊သဘာဝဘေးအန္တရာယ်၊ ငွေကြေးဖောင်းပွမှု၊ ကမ္ဘာ့ကျန်းမာရေးအကျပ်အတည်း၊ စွမ်းအင်ဈေးနှုန်း မြင့်တက်လာမှု၊ ရွှေ့ပြောင်းလုပ်သားနှင့် စီးပွားရေးမညီမျှမှုစသည့် စိန်ခေါ်မှုများသည် အပြန်အလှန်ဆက်နွှယ်နေကြခြင်းဖြစ်ကြောင်း။

ယင်းစိန်ခေါ်မှုများကို တစ်နိုင်ငံတည်း၊ အဖွဲ့အစည်းတစ်ခုတည်းအနေဖြင့် ဖြေရှင်း၍ မရသည့်အတွက် ညှိနှိုင်းပေါင်းစပ်မှုနှင့် ဘက်စုံချဉ်းကပ်ဆောင်ရွက်မည့် နည်းလမ်းများလိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အရင်းအမြစ်များကို ပေါင်းစည်းအသုံးပြုခြင်း၊ အသိပညာမျှဝေခြင်းနှင့် မူဝါဒများကို လိုအပ်သလို ချိန်ညှိဆောင်ရွက်ခြင်းဖြင့် ဂျီအမ်အက်စ်ဒေသ၏ ခံနိုင်ရည်ရှိမှုနှင့် ရေရှည်တည်တံ့မှုကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ရေမြေအနေအထား၊ သဘာဝအခြေခံတူညီနေသည့် ဂျီအမ်အက်စ်နိုင်ငံများအနေဖြင့် ဂေဟစနစ်များ၊ ရေလမ်းကြောင်းနှင့် ရာသီဥတုများကို မျှဝေလေ့ရှိခြင်းကြောင့် ယင်းစိန်ခေါ်မှုများကို ဖြေရှင်းရာတွင် ဂျီအမ်အက်စ်အစီအစဉ်၏ 3 C ဟုခေါ်သည့် ချိတ်ဆက်မှု (Connectivity)၊ ယှဉ်ပြိုင်မှု (Competitiveness) နှင့် လူမှုအသိုက်အဝန်း (Community) စသည့် မဏ္ဍိုင်သုံးရပ်အောက်တွင် အတူတကွ ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း။

**အမျိုးသားအဆင့်ဆောင်ရွက်မှုများကို ဂျီအမ်အက်စ်၏ ကျန်းမာရေးမဟာဗျူဟာနှင့် ချိတ်ဆက်ပြီး ဒေသန္တရအစိုးရများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်**

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခုတည်ဆောက်ရာတွင် ကျန်းမာကြံ့ခိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်သည့်အတွက် နိုင်ငံတစ်နိုင်ငံ၏ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု (Public Health Care) သည် လွန်စွာအရေးကြီးကြောင်း၊ နောင်အနာဂတ်ကာလတွင် တိုးတက်လာမည့် လူဦးရေနှင့် ပြောင်းလဲလာမည့် လူမှုစီးပွား၊ ပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေများကို ကြိုတင်တွက်ဆပြီး ရှိရင်းစွဲအရင်းအမြစ်များကို အကောင်းဆုံး အသုံးချခြင်းဖြင့် နိုင်ငံ၏ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို အရည်အသွေးပြည့်ဝအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အမျိုးသားအဆင့် ဆောင်ရွက်မှုများကို ဂျီအမ်အက်စ်၏ ကျန်းမာရေးမဟာဗျူဟာနှင့် ချိတ်ဆက်ပြီး ဒေသန္တရအစိုးရများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်ဟု ပြောကြားလိုကြောင်း။

ဒေသ၏စိန်ခေါ်မှုတစ်ရပ်ဖြစ်သည့် စားနပ်ရိက္ခာဖူလုံရေး (Food Security) နှင့် ပတ်သက်ပြီး အနည်းငယ်ပြောကြားလိုကြောင်း၊ ကမ္ဘာ့လူဦးရေသည် ယခု ၈ ဒသမ ၃ ဘီလီယံရှိပြီး ၂၀၃၀ တွင် ၈ ဒသမ ၆ ဘီလီယံ၊ ၂၀၃၅ တွင် ၈ ဒသမ ၉ ဘီလီယံရှိမည်ဟု ခန့်မှန်းထားကြောင်း၊ ရိက္ခာဖူလုံမှုပြဿနာသည် ပိုမိုကြီးမားလာဖွယ်ပင်ရှိကြောင်း၊ စားနပ်ရိက္ခာထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့် ဖြန့်ဖြူးမှုတို့သည် နိုင်ငံတစ်နိုင်ငံ၏ နယ်နိမိတ်အတွင်းမှာသာ ဆောင်ရွက်နေရခြင်းမဟုတ်သည့်အတွက် စားနပ်ရိက္ခာဖူလုံမှုကို စဉ်းစားပါက ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးကြောင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဗဟုသုတများ မျှဝေခြင်း၊ ဒေသတွင်းစားနပ်ရိက္ခာဈေးကွက် ဖော်ဆောင်ခြင်း၊ နည်းပညာ လွှဲပြောင်းမှုအပါအဝင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များကို ခေတ်မီနည်းစနစ်များ အသုံးပြုပြီး ပြည်သူများ၏ စားနပ်ရိက္ခာဖူလုံစေရန်အတွက် အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံသည် ကမ္ဘာ့ဆန်တင်ပို့မှုအများဆုံးနိုင်ငံများထဲတွင် အဆင့် (၈) ဖြစ်ပြီး ပဲတင်ပို့မှုတွင် အဆင့် (၂) ရှိကြောင်း၊ ထို့ကြောင့် ပြည်တွင်းစားနပ်ရိက္ခာဖူလုံမှုသာမက ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက်လည်း ဆက်လက်ကြိုးပမ်းလျက်ရှိပါကြောင်းကို အသိပေးပြောကြားလိုကြောင်း။

ဆက်လက်၍ ဂျီအမ်အက်စ်၏ သင်္ကေတတစ်ခုဖြစ်သည့် စီးပွားရေးစင်္ကြံများ၏ အရေးပါမှုကို အလေးထား ပြောကြားလိုကြောင်း၊ စီးပွားရေးစင်္ကြံများဖွံ့ဖြိုးမှုသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို အရှိန်မြှင့်တင်ရန်၊ ဒေသတွင်းပေါင်းစည်းမှုကို မြှင့်တင်ရန်နှင့် အားလုံးပါဝင်နိုင်သော ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်အတွက် လွန်စွာအရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေခြင်းဖြစ်ကြောင်း၊ ထုတ်လုပ်သူများနှင့် ဈေးကွက်များအကြား ချိတ်ဆက်မှုကို တိုးမြှင့်ခြင်းဖြင့် စီးပွားရေးစင်္ကြံတစ်လျှောက် ကုန်သွယ်မှုတိုးတက်စေသည့်အပြင် နိုင်ငံဖြတ်ကျော်ကုန်သွယ်မှုတွင် ဈေးကွက်အသစ်များ ပေါ်ထွန်းလာစေနိုင်ကြောင်း၊ ယင်းစီးပွားရေးစင်္ကြံများကို အသုံးပြုပြီး အဖွဲ့ဝင်နိုင်ငံများအားလုံးပါဝင်သော ဒေသတွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

လက်ရှိ မြန်မာနိုင်ငံ၏ ဦးတည်ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်းပြီး အကျဉ်းမျှ အသိပေးပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးလျက်ရှိကြောင်း၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး ၅ ရပ်အပေါ်တွင် အခြေခံပြီး နိုင်ငံအားလုံးနှင့် မိတ်ဝတ်မပျက် ဆက်ဆံရေးမူဝါဒကို ကျင့်သုံးနေခြင်းဖြစ်ကြောင်း။ မိမိတို့အနေဖြင့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားများကို အလေးထားပြီး *စာမျက်နှာ ၅ သို့*

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

*စာမျက်နှာ ၄ မှ*

ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဦးတည်ချက် (၉)ရပ်ချမှတ်ကာ ကဏ္ဍအလိုက်အကောင်အထည်ဖော်နေခြင်းဖြစ်ကြောင်း။

လျင်မြန်စွာပြောင်းလဲနေသည့် အခြေအနေများကြားမှ လက်ရှိနိုင်ငံအချင်းချင်းနှင့် ဘက်စုံပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်များအပါအဝင် အခြားသော နိုင်ငံတကာကတိကဝတ်များကို အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံအနေဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွင် တန်းတူညီမျှမှုနှင့် အားလုံးပါဝင်မှုသည် အဓိကကျသည့် အခြေခံမူပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ဂျီအမ်အက်စ်ဒေသတွင်း လူမှု – စီးပွားဖွံ့ဖြိုးတိုးတက်မှုကို ထောက်ပံ့ပေးနိုင်မည့် ကဏ္ဍအလိုက်စီမံချက်များကို အကောင်အထည်ဖော်ရာတွင် အဖွဲ့ဝင်နိုင်ငံအချင်းချင်း ပူးပေါင်းမှု၊ ဂျီအမ်အက်စ်အတွင်းရေးမှူးရုံး၏ ပံ့ပိုးကူညီမှုများသာမက ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ ပုဂ္ဂလိကကဏ္ဍနှင့် ဒေသန္တရအစိုးရများအပါအဝင် အခြားသက်ဆိုင်သူများအားလုံး အတူတကွ လက်တွဲပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

ယခုထိပ်သီးအစည်းအဝေးတွင် နိုင်ငံ့ခေါင်းဆောင်များ၏ အကြံပြုချက်များသည် အနာဂတ်တွင် ပိုမိုကြွခိုင်၍ ခံနိုင်ရည်ရှိပြီး ရေရှည်တည်တံ့မှုရှိသည့် ဂျီအမ်အက်စ်အသိုက်အဝန်းတစ်ရပ် ဖြစ်ပေါ်လာရေးအတွက် များစွာအထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက သတ္တမအကြိမ် ဂျီအမ်အက်စ် ထိပ်သီးအစည်းအဝေးနောက်ပိုင်း ရရှိခဲ့သည့် ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို နိုင်ငံ့ခေါင်းဆောင်များထံ အစီရင်ခံတင်ပြသည်။

ယင်းနောက် ၂၀၂၄ ခုနှစ်၊ မဟာမဲခေါင်ဒေသခွဲ စီးပွားရေးစင်္ကြံ ပြည်နယ်/ တိုင်းအဆင့် ခေါင်းဆောင်များ ဖိုရမ်အစီရင်ခံစာကို ယူနန်အစိုးရအဖွဲ့မှ တာဝန်ရှိသူကလည်းကောင်း၊ ဖွံ့ဖြိုးမှုမိတ်ဖက်များအစည်းအဝေးရလဒ်ကို ဂျီအမ်အက်စ်အတွင်းရေးမှူးရုံးမှ တာဝန်ရှိသူကလည်းကောင်း တင်ပြကြပြီး ထိပ်သီးအစည်းအဝေးပူးတွဲကြေညာချက်နှင့် ဂျီအမ်အက်စ်ဆန်းသစ်တီထွင်မှု မဟာဗျူဟာ ၂၀၃၀ ကို အတည်ပြုချမှတ်ပြီး အစည်းအဝေးကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

အဆိုပါ အဋ္ဌမအကြိမ် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ စစ်ဘက်၊ အရပ်ဘက်မှ အဆင့်မြင့်အရာရှိကြီးများ ပါဝင်တက်ရောက်ခဲ့ကြသည်။

မဟာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (Greater Mekong Subregion – GMS Economic Cooperation Program) ကို ၁၉၉၂ ခုနှစ်မှ စတင်ခဲ့ခြင်းဖြစ်ပြီး ဆယ်စုနှစ်သုံးခုကျော် အောင်မြင်စွာရပ်တည်လျက်ရှိသည့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ဖြစ်ကြောင်း၊ ဂျီအမ်အက်စ်အစီအစဉ်အရ ထိပ်သီးအစည်းအဝေးများကို မဟာမဲခေါင်ဒေသခွဲအစီအစဉ်၏ (၁၀)နှစ်ပြည့်မြောက်သည့် ၂၀၀၂ ခုနှစ်မှစတင်၍ (၃)နှစ်လျှင် တစ်ကြိမ် မဟာမဲခေါင်ဒေသခွဲ ခြောက်နိုင်ငံမှ အက္ခရာစဉ်အလိုက် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပလျက်ရှိရာ မြန်မာနိုင်ငံအနေနှင့် စတုတ္ထအကြိမ်မဟာမဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေးကို ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့နှင့် ၂၀ ရက်နေ့တို့တွင် အိမ်ရှင်နိုင်ငံအဖြစ် နေပြည်တော်၌ လက်ခံကျင်းပခဲ့ကြောင်း၊ထိပ်သီးအစည်းအဝေးများတွင် အနာဂတ်ကာလဒေသခွဲဖွံ့ဖြိုးရေးနှင့် စပ်လျဉ်းသည့် မျှော်မှန်းချက်များ ပြည့်မီအောင်မြင်စေရေးဆိုင်ရာ ကတိကဝတ်များပြုကြပြီး နိုင်ငံ့ခေါင်းဆောင်များ၏ အရေးပါသော ပူးတွဲကြေညာချက်ကို ထုတ်ပြန်လေ့ရှိရာ ယနေ့ကျင်းပသည့် အဋ္ဌမအကြိမ် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေးတွင် ဆန်းသစ်တီထွင်မှုမူဘောင်နှင့် ထိပ်သီးအစည်းအဝေးပူးတွဲကြေညာချက်စာတမ်းတို့ကို အတည်ပြုချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ကရင်ရိုးရာဒုံးအကပြိုင်ပွဲ အပါအဝင် အထိမ်းအမှတ်အခမ်းအနားများ ကျင်းပ

**ဘားအံ နိုဝင်ဘာ ၇**

(၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် ကရင်ရိုးရာဒုံးအကပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၅ ရက်က ဘားအံမြို့ သီရိကွင်း၌ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဒုံးအကပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။




ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကရင်ရိုးရာဒုံးအကသမိုင်းကို ရှင်းလင်းပြောကြားရာ ပြိုင်ပွဲဝင်အသင်း ၁၉ သင်းတို့က အားသွန်ခွန်စိုက်ကြိုးစားပြိုင်ပွဲဝင်ကြရန် ပြောကြားသည်။

ထို့အတူ ကရင်ပြည်နယ်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဘားအံမြို့ အမှတ်(၇)ရပ်ကွက် စောစံဖိုးသင်ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို နိုဝင်ဘာ ၆ ရက်က ကျင်းပသည်။

ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ယနေ့ဖွင့်လှစ်သောလမ်းသည် ဘားအံမြို့ အမှတ်(၆)ရပ်ကွက်၊ အမှတ်(၇)ရပ်ကွက်နှင့်အမှတ်(၈)ရပ်ကွက်တို့ကို ဆက်သွယ်ထားသည့် ကွန်ရက်လမ်းတစ်လမ်းဖြစ်ပြီး ဘားအံမြို့ပတ်လမ်းသစ်နှင့် စောစံစီဖိုးလမ်းတို့ကို ချိတ်ဆက်ထားသည့် လမ်းသွယ်ဖြစ်သည့်အတွက် ဒေသခံပြည်သူများ သွားလာရေးပိုမိုလွယ်ကူစေကာ လူမှုစီးပွားကဏ္ဍအတွက် များစွာအကျိုးကျေးဇူးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း ပြောကြားပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၂၀၁ ဒသမ ၅ သန်းဖြင့် အရှည် ၂၀၉၅ ပေ၊ အကျယ် ၁၆ ပေ၊ ထု ခြောက်လက်မရှိ စောစံဖိုးသင်ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး လမ်းသစ်ဖွင့်ပွဲတွင် ပါဝင်အားဖြည့်ကူညီပေးကြသော ဘင်ခရာ၊ ပန်းဖွားနှင့် ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကာ ကွန်ကရစ်လမ်းသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့ပြင် (၆၉) နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် ပြည်နယ်အဆင့်ထူးချွန်ဆုချီးမြှင့်ပွဲကို နံနက် ၉ နာရီက ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်ဂုဏ်ကိုဆောင်နိုင်သည့် ထူးချွန်ဆုရရှိသူများအနေဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် မျိုးဆက်သစ်များ ဆက်လက်ပေါ်ပေါက်လာစေကြောင်း ဆန္ဒပြုပြောကြားပြီး ကုန်သွယ်လုပ်ငန်းခွန် အများဆုံးထမ်းဆောင်သည့်ဆု၊ ဝင်ငွေခွန်အများဆုံးထမ်းဆောင်သည့်ဆု၊ အထူးကုန်စည်ခွန်အများဆုံးထမ်းဆောင်သည့်ဆု၊ နိုင်ငံတော်အဆင့်ဆောင်းပါး၊ စာစီစာကုံးပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိကြသူများ၊ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်ကောင်းသော ကျောင်း၊ မြို့နယ်နှင့် အမှတ်အများဆုံးရ ကျောင်းသား ကျောင်းသူများ၊ ဌာနဆိုင်ရာထူးချွန်ဝန်ထမ်းများ၊ စိုက်ပျိုး၊ မွေးမြူရေး ထူးချွန်တောင်သူဆု၊ အားကစားထူးချွန်ဆု၊ ကြက်ခြေနီထူးချွန်ဆု၊ (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲတွင် ဆုရရှိသူများ၊ ပြခန်းများတွင် အကောင်းဆုံးဆောင်ရွက်ခဲ့သည့်ဆု အစရှိသည့် ဆုပေါင်း ၁၃၁ ဆုကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၁၀) ကြိမ်မြောက် ဧရာဝတီ – ကျောက်ဖရား – မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်မက်စ်) ထိပ်သီးအစည်းအဝေးသို့ တက်ရောက်

## အက်မက်စ်နိုင်ငံများအား ပိုမိုကောင်းမွန်သည့် ဒေသတွင်းအဆင့် စီးပွားရေးပေါင်းစည်းမှုများ ဖော်ဆောင်ရေးအတွက် ပေါင်းစည်းအင်အားဖြင့် အနီးကပ်ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်တိုက်တွန်း



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား (အက်မက်စ်) ထိပ်သီး အစည်းအဝေးဥက္ကဋ္ဌ လာအိုနိုင်ငံဝန်ကြီးချုပ် H.E. Mr. Sonexay Siphandone က ကြိုဆိုနှုတ်ဆက်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၇**

(၁၀) ကြိမ်မြောက် ဧရာဝတီ– ကျောက်ဖရား– မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်မက်စ်) ထိပ်သီးအစည်းအဝေး (10th Ayeyawady– Chao Phraya–Mekong Economic Cooperation Strategy (ACMECS)) ကို ယနေ့ မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ရှိ Wyndham Grand Hotel ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပါဝင်တက်ရောက်သည်။

အဆိုပါ အစည်းအဝေးသို့ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Hun Manet၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Ms. Paetongtarn Shinawatra နှင့် အဖွဲ့ဝင်များ၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် H.E. Mr. Pham Minh Chich၊ လာအိုနိုင်ငံဝန်ကြီးချုပ် H.E. Mr. Sonexay Siphandone၊ အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ကြိုဆိုနှုတ်ဆက်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ရောက်ရှိလာရာ (အက်မက်စ်) ထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ လာအိုနိုင်ငံဝန်ကြီးချုပ်က ကြိုဆိုနှုတ်ဆက်ပြီး တက်ရောက်လာကြသည့် အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးချုပ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် (၁၀) ကြိမ်မြောက် ဧရာဝတီ–ကျောက်ဖရား–မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်မက်စ်) ထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ လာအိုနိုင်ငံဝန်ကြီးချုပ်က အဖွင့်မိန့်ခွန်းကိုလည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်က အမှာစကားကို လည်းကောင်း ပြောကြားကြသည်။

### ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်ရေး

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ၂၀၀၃ ခုနှစ် မြန်မာနိုင်ငံ ပုဂံမြို့တွင် အခြေတည်ခဲ့သည့် အက်မက်စ် ပူးပေါင်းဆောင်ရွက်မှုသည် ယခုဆိုလျှင် (၂၁) နှစ်သက်တမ်းရှိခဲ့ပြီဖြစ်ကြောင်း၊ စတင်တည်ထောင်ချိန်ကစ၍ အက်မက်စ်သည် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရေး၊ ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်ကို လျှော့ချရေးနှင့် ဒေသဆိုင်ရာ စီးပွားရေးပေါင်းစည်းမှုကို မြှင့်တင်ရေးတို့အတွက် အရေးပါသည့် အခန်းကဏ္ဍက ပါဝင်လျက်ရှိကြောင်း၊ မဲခေါင်နိုင်ငံ (၅) နိုင်ငံနှင့် စုစည်းထားသော အက်မက်စ်ဖြစ်သည့်အတွက် (၅) နိုင်ငံတွင်ရှိ ပြည်သူများ၏ ချစ်ကြည်ရင်းနှီးမှု နှောင်ကြိုးများသည် ကာလရှည်ကြာ ချစ်ကြည်ရင်းနှီးမှုနှင့် အိမ်နီးချင်းကောင်း ဆက်ဆံရေးအပေါ် အခြေခံထားခြင်းပင်ဖြစ်ကြောင်း။




(၁၀) ကြိမ်မြောက် ဧရာဝတီ – ကျောက်ဖရား – မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (အက်မက်စ်) ထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ လာအိုနိုင်ငံဝန်ကြီးချုပ် H.E. Mr. Sonexay Siphandone အဖွင့်မိန့်ခွန်းပြောကြားစဉ်။

### စုပေါင်းကြိုးပမ်းမှုများ အသိအမှတ်ပြု

ပူးပေါင်းဆောင်ရွက်မှု နှစ်များအတွင်း မိမိတို့ပူးပေါင်းဆောင်ရွက်မှု၏ အရှိန်အဟုန်ကို သက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များတွင် အစည်းအဝေးများ ကျင်းပ၍ ဆောင်ရွက်ဆဲလုပ်ငန်းစဉ်များနှင့် သက်သေပြနိုင်ခဲ့ကြောင်း၊ မိမိအနေဖြင့် အက်မက်စ် ယာယီအတွင်းရေးမှူးရုံး (AIS) တည်ထောင်နိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းပြီး အက်မက်စ်အဖွဲ့ဝင်နိုင်ငံများနှင့် မဲခေါင်သိပ္ပံ (MI) တို့အကြား စာချုပ်လွှာ အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ရေးအတွက် ထိုင်းနိုင်ငံ၏ ဦးဆောင်ဦးရွက်ပြုမှုနှင့် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများ၏ စုပေါင်းကြိုးပမ်းမှုများကို အသိအမှတ်ပြုလိုကြောင်း၊ အက်မက်စ် ယာယီအတွင်းရေးမှူးရုံး၏ လုပ်ဆောင်နိုင်စွမ်းသည် အက်မက်စ်မူဘောင်အောက်တွင် ဒေသတွင်း ပေါင်းစည်းမှုကို ဖော်ဆောင်မည့် အက်မက်စ်၏ ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်ကို ပိုမိုမြှင့်တင်ပေးနိုင်ခဲ့ကြောင်း။

### အခွင့်အလမ်းကောင်းများ ရရှိလာမည်ဖြစ်

အက်မက်စ်နှင့် ပထမအသုတ် ဖွံ့ဖြိုးတိုးတက်မှုမိတ်ဖက်များအကြား ပူးတွဲဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် (၆) ခုကို အတည်ပြုနိုင်ခဲ့သည့် အတွက်လည်း ကျေးဇူးတင်ရှိကြောင်း၊ ယင်းပူးတွဲဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များတွင် ဖော်ပြထားသည့်အတိုင်း မိမိတို့၏ မိတ်ဖက်များနှင့် သီးခြားပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်သည့် အခွင့်အလမ်းကောင်းများရရှိလာမည်ဖြစ်ပြီး အလုံးစုံဖွံ့ဖြိုးတိုးတက်ပြီး ခံနိုင်ရည်ရှိသည့် အက်မက်စ်အသိုက်အဝန်းကို တည်ဆောက်ရာတွင် ထပ်လောင်းအားဖြည့်နိုင်မည်ဖြစ်ကြောင်း။

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

အပြန်အလှန် ချိတ်ဆက်ထားသည့် သယ်ယူပို့ဆောင်ရေး ကွန်ရက်စနစ်သည် အက်မက်စ်ဒေသကို ဖွံ့ဖြိုးတိုးတက်မှု ဗဟိုချက်အဖြစ် ဖန်တီးရန်ခိုင်မာသည့် အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အက်မက်စ်နိုင်ငံများအကြား အကြားအလပ်မရှိ ချိတ်ဆက်နိုင်စေရန်အတွက် ဒေသတစ်ခုလုံးကို လွှမ်းခြုံနိုင်သည့် ဘက်စုံသယ်ယူပို့ဆောင်ရေးစနစ်ကို ဖော်ဆောင်သင့်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အက်မက်စ် အဖွဲ့ဝင်နိုင်ငံများနှင့် ပိုမိုကောင်းမွန်သည့် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှု အခွင့်အလမ်းများ ဖန်တီးနိုင်ရန်နှင့် ဒေသတွင်းစီးပွားရေးစကြံများနှင့် ချိတ်ဆက်နိုင်ရန် သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေးကို အာရုံစိုက်ကြိုးပမ်းလျက်ရှိကြောင်း၊ နိုင်ငံအတွင်း မြို့ပြနှင့် ကျေးလက်ဒေသများအကြား ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်ကို လျှော့ချနိုင်စေရန် စွမ်းအင်ပို့လွှတ်ရေးနှင့် လျှပ်စစ်ဓာတ်အားပေးဝေရေး ကွန်ရက်များကို တိုးမြှင့်ရန် ကြိုးပမ်းဆောင်ရွက်မှုသည် အက်မက်စ်ဒေသတစ်ခုလုံးအတွက်လည်း အကျိုးရှိစေမည်ဖြစ်ကြောင်း။




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၁၀) ကြိမ်မြောက် ဧရာဝတီ - ကျောက်ဖရား - မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (အက်မက်စ်) ထိပ်သီးအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**

**အက်မက်စ်ပင်မစီမံချက်သည် ဖြည့်စွက်ထောက်ပံ့မှုတစ်ခုဖြစ်လာနိုင်**

ယနေ့ခေတ် ဖွံ့ဖြိုးတိုးတက်မှု လိုအပ်ချက်များအရ ဒေသတွင်းအကြားအလပ်မရှိ ချိတ်ဆက်မှုမြှင့်တင်ရာတွင် ခေတ်မီတိုးတက်သည့် နည်းပညာ၏ အရေးပါမှုကို မိမိအနေဖြင့် အလေးထားပြောကြားလိုကြောင်း၊ မိမိတို့အနေဖြင့် လုံခြုံမှုရှိသည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများနှင့်အညီ အက်မက်စ်နိုင်ငံများအကြား ငွေကြေးနှင့် ကုန်သွယ်မှုဆိုင်ရာအစီအမံများ၊ ဒစ်ဂျစ်တယ်စီးပွားရေးနှင့် E–Governance ကွန်ရက်များကို အဆင့်မြှင့်တင်ပေးရန် လိုအပ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လိုအပ်ချက်များနှင့် ပန်းတိုင်များကို အကောင်အထည်ဖော်ရာတွင် အက်မက်စ်ပင်မစီမံချက်သည် ဖြည့်စွက်ထောက်ပံ့မှုတစ်ခုဖြစ်လာနိုင်မည်ဟု မိမိအနေဖြင့် ယုံကြည်ကြောင်း။

ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍသည် အက်မက်စ်စီးပွားရေးအတွက် အဓိကမောင်းနှင်အား တစ်ခုဖြစ်ပြီး မိမိတို့နိုင်ငံများ၏ ပြည်တွင်းအသားတင်ထုတ်ကုန် (GDP)၊ ငွေကြေးဖောင်းပွမှုနှုန်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်း၊ အလုပ်အကိုင်ရရှိမှုနှင့် လူမှုဘဝဆိုင်ရာ အချက်အလက်များအပေါ် လွှမ်းမိုးမှုရှိကြောင်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ရိုးရှင်း၍ တိကျခိုင်မာစေခြင်းဖြင့် ဒေသတွင်းစီးပွားရေးနှင့် ပြည်သူလူထု၏ လူနေမှုအဆင့်အတန်းတို့အပေါ် သိသာထင်ရှားစွာ အကျိုးပြုစေမည်ဖြစ်ကြောင်း။

**ပေါင်းစည်းအင်အားဖြင့်အနီးကပ်ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရန်**

ထို့ကြောင့် မိမိအနေဖြင့် အက်မက်စ်နိုင်ငံများအား ပိုမိုကောင်းမွန်သည့် ဒေသတွင်းအဆင့် စီးပွားရေးပေါင်းစည်းမှုများ ဖော်ဆောင်ရေးအတွက် ပေါင်းစည်းအင်အားဖြင့် အနီးကပ်ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန် တိုက်တွန်းလိုကြောင်း၊ မိမိအနေဖြင့် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုမိတ်ဖက်များကို မြန်မာနိုင်ငံသို့ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ကြရန် ဖိတ်ခေါ်လိုကြောင်း၊ စိုက်ပျိုးရေးသည် မြန်မာနိုင်ငံအပါအဝင် အက်မက်စ်ဒေသ၏ အစားအစာထုတ်လုပ်ခြင်း အဓိကအရင်းအမြစ်အဖြစ် ရပ်တည်လျက်ရှိပြီး အက်မက်စ်ဒေသတွင်း လူဦးရေ၏ အများစုကို ကိုယ်စားပြုသည့် ကျေးလက်ဒေသပြည်သူများအတွက် အဓိကအသက်မွေးဝမ်းကျောင်း လုပ်ငန်းတစ်ခုလည်းဖြစ်ကြောင်း၊ ထို့ပြင် စိုက်ပျိုးရေးသည် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်လျှော့ချရေးတို့အတွက် နည်းလမ်းတစ်သွယ်လည်းဖြစ်ကြောင်း။

မိမိအနေဖြင့် အက်မက်စ်နိုင်ငံများအတွင်းရှိ ပုဂ္ဂလိက ကဏ္ဍများ၊ အထူးသဖြင့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် စွန့်ဦးတီထွင်လုပ်ငန်းသစ်များကို အက်မက်စ်မူဘောင်အောက်ရှိ ခေတ်မီစီးပွားရေးလုပ်ငန်း အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ကြရန် အားပေးလိုကြောင်း၊ မြန်မာနိုင်ငံသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စီးပွားရေးတည်ငြိမ်မှုကို မြှင့်တင်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်ရန်အတွက် ပုဂ္ဂလိကကဏ္ဍ ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှုနည်းလမ်းများနှင့် ကြိုးပမ်းလျက်ရှိသည်ကို အသိပေးပြောကြားလိုကြောင်း။

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုသည် ဒေသတွင်းဝင်ငွေစီးဆင်းမှုကို သိသာစွာ ထောက်ပံ့ပေးလျက်ရှိပြီး ဆင့်ပွား အကျိုးသက်ရောက်မှုအဖြစ် ခရီးသွားလုပ်ငန်းဒေသများရှိ ဒေသခံပြည်သူများ၏ လူနေမှုအဆင့်အတန်း၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးတို့ကို ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ခရီးသွားလုပ်ငန်းသည် ဖွံ့ဖြိုးတိုးတက်မှု လိုအပ်ချက်နှင့် အလုပ်အကိုင်အခွင့်အလမ်း အခက်အခဲရှိသည့် ဝေးလံခေါင်ဖျားဒေသများကို ဖွံ့ဖြိုးတိုးတက်စေသည့် နည်းလမ်းတစ်ခုလည်းဖြစ်ကြောင်း။

**ဥက္ကဋ္ဌတာဝန်ကိုထမ်းဆောင်ရန် အလှည့်ကျရောက်လာ**

မိမိအနေဖြင့် အက်မက်စ်နိုင်ငံများအား ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များမှတစ်ဆင့် လူမှု–ယဉ်ကျေးမှုဆိုင်ရာ ထိတွေ့ဆက်ဆံမှုများကို မြှင့်တင်ရန်နှင့် မိမိတို့သဘောတူညီထားသည့် “ငါးနိုင်ငံ၊ ခရီးစဉ်တစ်ခု” အစီအစဉ်ကို အကောင်အထည်ဖော်ပြီး ငြိမ်းချမ်း၍ အကျိုးစီးပွားဖြစ်ထွန်းသည့် အက်မက်စ်အဖွဲ့အစည်း တည်ဆောက်ရေးကိုအားပေးကြဖို့ ဆန္ဒပြုလိုကြောင်း၊ ယခုအခါ မြန်မာနိုင်ငံသည် အက်မက်စ်၏ ဥက္ကဋ္ဌတာဝန်ကိုထမ်းဆောင်ရန် အလှည့်ကျရောက်လာပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများနှင့်အတူတကွ ပေါင်းစည်းအင်အားဖြင့် အက်မက်စ်ဒေသ ဘက်စုံစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ဖော်ဆောင်ရန် ဝမ်းမြောက်ဝမ်းသာစွာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် မဲခေါင်ဒေသခွဲအတွင်းရှိ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုကို အထူးအလေးထား ဦးစားပေး ဆောင်ရွက်လျက်ရှိသည်နှင့်အညီ အက်မက်စ်မူဘောင်အောက်တွင် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများ၏ ထားရှိခဲ့သည့် ကာလရှည်ကြာချစ်ကြည်ရင်းနှီးမှု၊ အိမ်နီးချင်းကောင်းပီသမှု၊ အပြန်အလှန်နားလည်မှု၊ အပြန်အလှန်လေးစားမှုနှင့် အကျိုးအမြတ် မျှဝေမှုတို့အပေါ်တွင် အခြေခံပြီး တက်ကြွစွာ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**“ဗီယင်ကျန်း ကြေညာစာတမ်း” ထုတ်ပြန်ကြေညာ**

ထို့နောက် ထိုင်းနိုင်ငံဝန်ကြီးချုပ်၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်နှင့် လာအိုနိုင်ငံဝန်ကြီးချုပ်တို့က အမှာစကားများ ပြောကြားကြပြီး နယူးဇီလန်နိုင်ငံကို ဒုတိယအသုတ် အက်မက်စ် ဖွံ့ဖြိုးတိုးတက်မှုနိုင်ငံအဖြစ် အတည်ပြုကြေညာ၍ (၁၀) ကြိမ်မြောက် ဧရာဝတီ–ကျောက်ဖရား–မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (အက်မက်စ်) ထိပ်သီးအစည်းအဝေး၏ “ဗီယင်ကျန်း ကြေညာစာတမ်း” ကို ထုတ်ပြန်ကြေညာကာ အက်မက်စ်ပင်မစီမံချက်၏ နောက်ဆက်တွဲအဖြစ် “မဲခေါင်ဒေသတွင်း ရေအရင်းအမြစ် ပူးပေါင်းဆောင်ရွက်မှု သဘောတရားစာတမ်း” ကို ထည့်သွင်းသည်။

ယင်းနောက် လာအိုနိုင်ငံဝန်ကြီးချုပ်က အက်မက်စ် အလှည့်ကျဥက္ကဋ္ဌ တာဝန်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ လွှဲပြောင်းပေးအပ်ပြီး အမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အလှည့်ကျဥက္ကဋ္ဌတာဝန် ယူရခြင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအနေဖြင့် အက်မက်စ်ဥက္ကဋ္ဌတာဝန် ထမ်းဆောင်စဉ်

*စာမျက်နှာ ၈ သို့*

- **မိမိအနေဖြင့် အက်မက်စ်နိုင်ငံများအား ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များမှတစ်ဆင့် လူမှု - ယဉ်ကျေးမှုဆိုင်ရာ ထိတွေ့ဆက်ဆံမှုများကို မြှင့်တင်ရန်နှင့် မိမိတို့သဘောတူညီထားသည့် “ငါးနိုင်ငံ၊ ခရီးစဉ်တစ်ခု” အစီအစဉ်ကို အကောင်အထည်ဖော်ပြီး ငြိမ်းချမ်း၍ အကျိုးစီးပွားဖြစ်ထွန်းသည့် အက်မက်စ်အဖွဲ့အစည်းတည်ဆောက်ရေးကို အားပေးကြဖို့ဆန္ဒပြုလို**
- **နယူးဇီလန်နိုင်ငံကို ဒုတိယအသုတ် အက်မက်စ် ဖွံ့ဖြိုးတိုးတက်မှုနိုင်ငံအဖြစ် အတည်ပြုကြေညာ၍ (၁၀) ကြိမ်မြောက် ဧရာဝတီ - ကျောက်ဖရား - မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (အက်မက်စ်) ထိပ်သီးအစည်းအဝေး၏ “ဗီယင်ကျန်း ကြေညာစာတမ်း” ကို ထုတ်ပြန်ကြေညာ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၁၁) ကြိမ်မြောက် ကမ္ဘောဒီးယား - လာအို - မြန်မာ - ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## စီအယ်လ်အမ်ဗွီ ပူးပေါင်းဆောင်ရွက်မှု မူဘောင်အောက်တွင် သက်ဆိုင်ရာလုပ်ငန်းစီမံချက်များကို ထိရောက်စွာ အကောင်အထည်ဖော်ခြင်းဖြင့် မိမိတို့ဒေသတွင်းရှိ ပြည်သူများ၏ သာယာဝပြောမှုနှင့် ကြီးပွားတိုးတက်မှုကို ပိုမိုအထောက်အကူပြုမည်ဟုယုံကြည်

နေပြည်တော် နိုဝင်ဘာ ၇

**(၁၁) ကြိမ်မြောက် ကမ္ဘောဒီးယား – လာအို – မြန်မာ – ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေး (11th Cambodia – Lao PDR – Myanmar – Viet Nam (CLMV) Summit) ကို ယနေ့မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ရှိ Wyndham Grand Hotel ၌ ကျင်းပရာ ထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။**


အစည်းအဝေးသို့ အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးချုပ်များဖြစ်ကြသည့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် H.E. Mr. Hun Manet၊ လာအိုနိုင်ငံဝန်ကြီးချုပ် H.E. Mr. Sonexay Siphandone၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် H.E. Mr. Pham Minh Chich၊ အာဆီယံအတွင်းရေးမှူးချုပ် H.E.Dr. KAO KIM HOURN၊ အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အဖွဲ့ဝင်နိုင်ငံများမှဝန်ကြီးချုပ်များနှင့် အဖွဲ့ဝင်များကိုကြိုဆိုနှုတ်ဆက်**


ဦးစွာ (၁၁) ကြိမ်မြောက် ကမ္ဘောဒီးယား – လာအို – မြန်မာ – ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ရောက်ရှိလာကြသည့် အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးချုပ်များနှင့် အဖွဲ့ဝင်များကို ကြိုဆိုနှုတ်ဆက်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် (၁၁) ကြိမ်မြောက် ကမ္ဘောဒီးယား – လာအို – မြန်မာ – ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့် အမှာစကားပြောကြားရာတွင် (၈) ကြိမ်မြောက် ဂျီအမ်အက်စ် ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ကျင်းပသည့်

*စာမျက်နှာ ၉ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ရောက်ရှိလာသည့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် H.E. Mr. Hun Manet အား ကြိုဆိုနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ရောက်ရှိလာသည့် လာအိုနိုင်ငံဝန်ကြီးချုပ် H.E. Mr. Sonexay Siphandone အား ကြိုဆိုနှုတ်ဆက်စဉ်။

*စာမျက်နှာ ၇ မှ*

ကာလတွင် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များမှရရှိသည့် အကျိုးကျေးဇူးများကို အက်မက်စ် အဖွဲ့ဝင်နိုင်ငံများအားလုံး ရရှိခံစားနိုင်ရန်အတွက် ယခင် ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သကဲ့သို့ အခြေခံကျသော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မဟာဗျူဟာများ ရေးဆွဲဖော်ဆောင်ခြင်းဖြင့်လည်း ထိရောက်စွာ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**ဖွံ့ဖြိုးတိုးတက်သည့် အက်မက်စ်ဒေသ တစ်ခုအဖြစ်မြှင့်တင်ဆောင်ရွက်ရေး**

မြန်မာနိုင်ငံအနေဖြင့် အက်မက်စ် ပူးပေါင်းဆောင်ရွက်မှုကို ယခင်ဥက္ကဋ္ဌများ ချမှတ်ခဲ့သည့် လမ်းစဉ်အတိုင်း ပြီးပြည့်စုံ၍ ဖွံ့ဖြိုးတိုးတက်သည့် အက်မက်စ်ဒေသ တစ်ခုအဖြစ် မြှင့်တင်ဆောင်ရွက်ရေး ရှေ့ဆက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ ဥက္ကဋ္ဌအသစ်တာဝန်ကို စတင်ထမ်းဆောင်သည့်အခါ မိမိအနေဖြင့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်နှင့် အက်မက်စ် ပူးပေါင်းဆောင်ရွက်မှု၏ ရည်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် အဖွဲ့ဝင်နိုင်ငံအားလုံး၏ အမြော်အမြင်ကြီးမားမှု၊ ပံ့ပိုးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ရရှိလိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ လာမည့် အက်မက်စ်ထိပ်သီး အစည်းအဝေးကို မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပပြီး အဆွေတော်တို့ကို တွေ့ဆုံနိုင်မည့် အခွင့်အလမ်းကို မျှော်လင့်စောင့်စားလျက်ရှိကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

> **❑ မြန်မာနိုင်ငံသည် မဲခေါင်ဒေသခွဲအတွင်းရှိ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုကို အထူးအလေးထား ဦးစားပေးဆောင်ရွက်လျက်ရှိသည်နှင့်အညီ အက်မက်စ်မူဘောင်အောက်တွင် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများ၏ ထားရှိခဲ့သည့် ကာလရှည်ကြာ ချစ်ကြည်ရင်းနှီးမှု၊ အိမ်နီးချင်းကောင်းပီသမှု၊ အပြန်အလှန်နားလည်မှု၊ အပြန်အလှန်လေးစားမှုနှင့် အကျိုးအမြတ်မျှဝေမှုတို့အပေါ်တွင် အခြေခံပြီး တက်ကြွစွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်**

(၁၀) ကြိမ်မြောက် ဧရာဝတီ–ကျောက်ဖရား–မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (အက်မက်စ်) ထိပ်သီးအစည်းအဝေး (10th Ayeyawady– Chao Phraya–Mekong Economic Cooperation Strategy (ACMECS)) ကို မဲခေါင်နိုင်ငံများ၏ နယ်စပ်ဒေသများတွင် ယှဉ်ပြိုင်နိုင်စွမ်းကို တိုးမြှင့်ပြီး ဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုဖြစ်ထွန်းလာစေရန်၊ စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်မှု လုပ်ငန်းများကို အခွင့်အလမ်း ပိုမိုကောင်းမွန်သည့် ဒေသများသို့ ပြောင်းရွှေ့ရာ၌ အထောက်အကူပြုရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးပြီး အဖွဲ့ဝင်နိုင်ငံများအကြား ဝင်ငွေကွာဟမှုကို လျှော့ချရန်နှင့် အားလုံးအတွက် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ညီတူညီမျှ သာယာဝပြောရေးတို့ကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေသည့် နည်းလမ်းဖြင့် တိုးမြှင့်ဆောင်ရွက်ရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**






(၁၁) ကြိမ်မြောက် ကမ္ဘောဒီးယား – လာအို – မြန်မာ – ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေး၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဖွင့်အမှာစကားပြောကြားစဉ်။

*စာမျက်နှာ ၈ မှ*

(၁၁) ကြိမ်မြောက် စီအယ်လ်အမ်ဗွီထိပ်သီး အစည်းအဝေးသို့ ပါဝင်တက်ရောက်ကြသည့် ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့မှ အဆွေတော် နိုင်ငံ့ခေါင်းဆောင်အကြီးအကဲများကို ကြိုဆိုပါကြောင်း။

**အသက်အိုးအိမ်၊ စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုများအပေါ် များစွာဝမ်းနည်း**

မိမိအနေဖြင့် စီအယ်လ်အမ်ဗွီ အဆင့်မြင့်အရာရှိကြီးများနှင့် စီအယ်လ်အမ်ဗွီ ပူးပေါင်းဆောင်ရွက်မှုအောက်မှ သက်ဆိုင်ရာ ဦးဆောင်နိုင်ငံအလိုက် ဖွဲ့စည်းထားသည့် လုပ်ငန်းအဖွဲ့များ၏ "(၁၁) ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေး ပူးတွဲကြေညာချက် (မူကြမ်း)" ကို အပြီးသတ်ရေးဆွဲနိုင်အောင် အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့မှုများကိုလည်း ချီးကျူးဂုဏ်ပြုလိုကြောင်း၊ တိုင်ဖွန်းရာဂီ၏ ဆက်စပ်အကျိုးဆက်များဖြစ်သည့် ရေကြီး၊ မြေပြိုမှုများကြောင့် စီအယ်လ်အမ်ဗွီအဖွဲ့ဝင်နိုင်ငံများတွင်ရှိသည့် ပြည်သူများ၏ အသက်အိုးအိမ်၊ စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုများအပေါ် များစွာဝမ်းနည်းရပါကြောင်းကို ပြောကြားလိုကြောင်း။

**" မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေး၊ စက်မှုနှင့် စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဦးဆောင်နိုင်ငံအဖြစ် ဆောင်ရွက်လျက်ရှိ၊ စီအယ်လ်အမ်ဗွီအဖွဲ့ဝင်နိုင်ငံများ၏ အခြေခံအဆောက်အဦနှင့် နည်းပညာချိတ်ဆက်ဆက်နွယ်မှုများ ဆက်လက်တိုးတက်စေခြင်းသည် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါဆုံးကိစ္စရပ်ဖြစ်၊ စီအယ်လ်အမ်ဗွီ ပူးပေါင်းဆောင်ရွက်မှုအောက်မှ ဒေသတွင်းစီးပွားရေးပေါင်းစည်းမှုအတွက် မိမိတို့သည် "စီအယ်လ်အမ်ဗွီ ဖွံ့ဖြိုးတိုးတက်မှု မူဘောင်" နှင့် "စီအယ်လ်အမ်ဗွီ ဖွံ့ဖြိုးတိုးတက်မှု မူဘောင်အကောင်အထည်ဖော်ရေးအစီအစဉ်" များကို အတည်ပြုထုတ်ပြန် "**

လက်ရှိဖြစ်ပေါ်နေသည့် ကမ္ဘာ့နိုင်ငံရေးရှုပ်ထွေးမှု၊ နိုင်ငံတကာပဋိပက္ခ၊ စီးပွားရေးကျဆင်းမှု၊ စားနပ်ရိက္ခာနှင့် စွမ်းအင်မလုံလောက်မှု စသည့်များကြားတွင် မိမိတို့သည် ကြံ့ကြံ့ခံနိုင်စွမ်းရှိရန် မဖြစ်မနေ လိုအပ်ကြောင်း၊ ယနေ့ မိမိတို့တွေ့ဆုံဆွေးနွေးမှုသည် စီအယ်လ်အမ်ဗွီ ပူးပေါင်းဆောင်ရွက်မှု၏ တိုးတက်မှုကို ပြန်လည်လေ့လာ ဆန်းစစ်ခွင့်ရရှိသည့်အပြင် "ချစ်ကြည်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှုမှသည် ကြံ့ကြံ့ခံနိုင်၍ သာယာဝပြောသော အသိုက်အဝန်းဆီသို့" ခေါင်းစဉ်အောက်တွင် စီအယ်လ်အမ်ဗွီမူဘောင်ကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် ဆွေးနွေးခွင့် ရရှိခြင်းလည်း ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

**ပူးပေါင်းဆောင်ရွက်မှု၏ အနာဂတ် ဦးတည်ချက်အပေါ် အမြင်ချင်းဖလှယ်**

ယင်းနောက် ကမ္ဘောဒီယားနိုင်ငံဝန်ကြီးချုပ်၊ လာအိုနိုင်ငံဝန်ကြီးချုပ်၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်နှင့် အာဆီယံ အထွေထွေ အတွင်းရေးမှူးချုပ်တို့က "ချစ်ကြည်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှုမှသည် ကြံ့ကြံ့ခံနိုင်၍ သာယာဝပြောသော အသိုက်အဝန်းဆီသို့" ခေါင်းစဉ်ဖြင့် စီအယ်လ်အမ်ဗွီ ပူးပေါင်းဆောင်ရွက်မှု၏ အနာဂတ်ဦးတည်ချက်အပေါ် အမြင်ချင်းဖလှယ်ခြင်းနှင့် ဖြစ်ပေါ်တိုးတက်မှုများကို သုံးသပ်ဆွေးနွေးကြသည်။

**အားသွန်ခွန်စိုက် အတူတကွကြိုးစားခဲ့**


ထို့နောက် (၁၁) ကြိမ်မြောက် ကမ္ဘောဒီးယား – လာအို – မြန်မာ – ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေး၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က "ချစ်ကြည်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှုမှသည် ကြံ့ကြံ့ခံနိုင်၍ သာယာဝပြောသော အသိုက်အဝန်းဆီသို့" ခေါင်းစဉ်ဖြင့် စီအယ်လ်အမ်ဗွီ ပူးပေါင်းဆောင်ရွက်မှု၏ အနာဂတ်ဦးတည်ချက်အပေါ် အမြင်ချင်းဖလှယ်ခြင်းနှင့် ဖြစ်ပေါ်တိုးတက်မှုများကို သုံးသပ်ဆွေးနွေးရာ၌ ၂၀၀၃ ခုနှစ်၊ မြန်မာနိုင်ငံ ပုဂံမြို့တွင် ကျင်းပခဲ့သည့် ပထမအကြိမ်အက်မက်စ် ထိပ်သီးအစည်းအဝေးတွင် စတင်သန္ဓေတည်ခဲ့သည့် စီအယ်လ်အမ်ဗွီ ပူးပေါင်းဆောင်ရွက်မှုယန္တရားကို မိမိတို့အနေဖြင့် ပြန်လည်အမှတ်ရမိကြောင်း၊ ယင်းအချိန်မှစ၍ အဖွဲ့ဝင်နိုင်ငံများသည် ဒေသတွင်းငြိမ်းချမ်းရေး၊ သာယာဝပြောရေးနှင့် ပေါင်းစည်းထားသည့် အသိုက်အဝန်းတစ်ခု ဖန်တီးရန်အတွက် အားသွန်ခွန်စိုက်အတူတကွကြိုးစားခဲ့ကြကြောင်း။

မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေး၊ စက်မှုနှင့် စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဦးဆောင်နိုင်ငံအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း၊ စီအယ်လ်အမ်ဗွီအဖွဲ့ဝင် နိုင်ငံများ၏ အခြေခံအဆောက်အဦနှင့် နည်းပညာချိတ်ဆက် ဆက်နွယ်မှုများ ဆက်လက်တိုးတက်စေခြင်းသည် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါဆုံးကိစ္စရပ်ဖြစ်ကြောင်း၊ စီအယ်လ်အမ်ဗွီ ပူးပေါင်း

*စာမျက်နှာ ၁၀ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ရောက်ရှိလာသည့် ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Pham Minh Chich အား ကြိုဆိုနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ရောက်ရှိလာသည့် အာဆီယံအတွင်းရေးမှူးချုပ် H.E.Dr. KAO KIM HOURN အား ကြိုဆိုနှုတ်ဆက်စဉ်။

*စာမျက်နှာ ၉ မှ*

ဆောင်ရွက်မှုအောက်မှ ဒေသတွင်း စီးပွားရေး ပေါင်းစည်းမှုအတွက် မိမိတို့သည် “စီအယ်လ်အမ်ဗွီ ဖွံ့ဖြိုးတိုးတက်မှု မူဘောင်” နှင့် “စီအယ်လ်အမ်ဗွီ ဖွံ့ဖြိုးတိုးတက်မှု မူဘောင်အကောင်အထည်ဖော်ရေးအစီအစဉ်” များကို အတည်ပြုထုတ်ပြန်ခဲ့ကြောင်း။

**စက်မှုအဆောက်အအုံများကို တည်ဆောက်၊ အဆင့်မြှင့်တင်ပေးရန်လို**

ကပ်ရောဂါဆိုးကြောင့် စီအယ်လ်အမ်ဗွီနိုင်ငံများ၏ စက်မှုကဏ္ဍသည် သိသာထင်ရှားစွာ ထိခိုက်ခဲ့ရကြောင်း၊ အဆိုပါကဏ္ဍ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့အနေဖြင့် စီးပွားရေးစကြံများ၊ စီးပွားရေးစကြံများအကြား ချိတ်ဆက်မှုများနှင့် အထူးစီးပွားရေးဇုန်များမှတစ်ဆင့် စက်မှုနည်းပညာဆိုင်ရာ အခြေခံအဆောက်အအုံများနှင့် စက်မှုအဆောက်အအုံများကို တည်ဆောက်၊ အဆင့်မြှင့်တင်ပေးရန် လိုအပ်ကြောင်း။

ဘေးအန္တရာယ်များနှင့် ပတ်သက်၍ စီအယ်လ်အမ်ဗွီနိုင်ငံများသည် ဒေသတွင်းနိုင်ငံများအတွင်း ထိခိုက်လွယ်ပြီး ထိခိုက်ခံရမှုအများဆုံးပင်ဖြစ်ကြောင်း၊ ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုကို လျော့ပါးသက်သာအောင် ဆောင်ရွက်ခြင်းသည် မိမိတို့ဒေသအတွက် အရေးကြီးသည့် စိန်ခေါ်မှုပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် သဘာဝနှင့် လူလုပ်ဘေးအန္တရာယ်များ၏ စိန်ခေါ်မှုကို စုပေါင်းအားဖြင့် ကိုင်တွယ်ဖြေရှင်းရမည်ဖြစ်သကဲ့သို့ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုယန္တရားနှင့် ရာသီဥတုပြောင်းလဲမှု လျော့ပါးသက်သာစေရေး၊ ဒေသတွင်းထိခိုက်မှုလျှော့ချရေးနှင့် ကြိုတင်အသိပေးခြင်းဆိုင်ရာ ထိရောက်သော အစီအစဉ်များနှင့် စီမံခန့်ခွဲမှုများကို အားဖြည့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**○ ရန်ပုံငွေရရှိခြင်းသည် စီအယ်လ်အမ်ဗွီ ပူးပေါင်းဆောင်ရွက်မှုယန္တရားအပါအဝင် ပူးပေါင်းဆောင်ရွက်မှုယန္တရားတိုင်း၏ အောင်မြင်တိုးတက်မှုအတွက် အရေးပါသည်ဟု သုံးသပ်မိ၊ စီအယ်လ်အမ်ဗွီ စီမံကိန်းများအတွက် အထောက်အပံ့ပေးသည့်ဖွံ့ဖြိုးတိုးတက်မှု မိတ်ဖက်နိုင်ငံများ၏အကူအညီနှင့် အထောက်အပံ့များကိုလည်း အလေးထား**

**○ မြန်မာနိုင်ငံသည် စီအယ်လ်အမ်ဗွီ အဖွဲ့ဝင်နိုင်ငံများနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်ရင်း မိမိတို့၏ ဘုံရည်မှန်းချက်ဖြစ်သည့် ရေရှည်တည်တံ့သော အလုံးစုံလွှမ်းခြုံသည့် ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်သည်ကို ထပ်လောင်းအတည်ပြု**

**ခရီးသွားလာရေးလုပ်ငန်းသည် အလွန်ပင်အရေးပါ**

စီအယ်လ်အမ်ဗွီ အဖွဲ့ဝင်နိုင်ငံများအကြား ခရီးသွားလာရေးလုပ်ငန်းသည် ပြည်သူချင်း ထိတွေ့ဆက်ဆံမှုအတွက် အလွန်ပင်အရေးပါကြောင်း၊ ထို့ပြင် အဖွဲ့ဝင်နိုင်ငံများတွင် ရေမြေတောတောင် သဘာဝကို အခြေခံသည့် ခရီးသွားလုပ်ငန်းသည် ဒေသခံပြည်သူများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အပံ့ဖြစ်စေကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှု အလေ့အထများကို ထိန်းသိမ်းနိုင်သည့် ခရီးသွားလုပ်ငန်းနှင့် ပတ်သက်သည့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများနှင့် MSMEs ကဏ္ဍများကို အားပေးထောက်ပံ့သင့်ကြောင်း။

စီအယ်လ်အမ်ဗွီ နိုင်ငံများတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များ ဆောင်ရွက်ခြင်းသည် အရေးကြီးဆုံးဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် စီအယ်လ်အမ်ဗွီ မူဘောင်အောက်မှ နယ်ပယ်အသီးသီးတွင်ရှိသည့် ပညာသင်ဆု ပေးအပ်ခြင်းနှင့် အတွေ့အကြုံဖလှယ်ရေး အစီအစဉ်များကို ဆက်လက် ဆောင်ရွက်သွားသင့်ကြောင်း။

**အကူအညီနှင့်အထောက်အပံ့များကို အလေးထား**

ရန်ပုံငွေရရှိခြင်းသည် စီအယ်လ်အမ်ဗွီ ပူးပေါင်းဆောင်ရွက်မှု ယန္တရားအပါအဝင် ပူးပေါင်းဆောင်ရွက်မှု ယန္တရားတိုင်း၏ အောင်မြင်တိုးတက်မှုအတွက် အရေးပါသည်ဟု သုံးသပ်မိကြောင်း၊ မိမိအနေဖြင့် IAI လုပ်ငန်းအစီအစဉ်များမှတစ်ဆင့် အကူအညီ အထောက်အပံ့ရအောင် ဆောင်ရွက်ပေးသည့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးကို ကျေးဇူးတင်ရှိကြောင်း၊ ထို့ပြင် စီအယ်လ်အမ်ဗွီ စီမံကိန်းများအတွက် အထောက်အပံ့ပေးသည့် ဖွံ့ဖြိုးတိုးတက်မှုမိတ်ဖက်နိုင်ငံများ၏ အကူအညီနှင့် အထောက်အပံ့များကိုလည်း အလေးထားကြောင်း။

မြန်မာနိုင်ငံသည် စီအယ်လ်အမ်ဗွီ အဖွဲ့ဝင်နိုင်ငံများနှင့် အနီးကပ်ပူးပေါင်း ဆောင်ရွက်ရင်း မိမိတို့၏ ဘုံရည်မှန်းချက်ဖြစ်သည့် ရေရှည်တည်တံ့သော အလုံးစုံလွှမ်းခြုံသည့် ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ဆောင်ရွက်သွားမည် ဖြစ်သည်ကို ထပ်လောင်း အတည်ပြုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးချုပ်များက (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေး၏ ထုတ်ပြန်ချက်များကို ဆွေးနွေးကြပြီး အတည်ပြု ထုတ်ပြန်သည်။

**အားပေးထောက်ခံမှုများအတွက် အထူးပင်ကျေးဇူးတင်ရှိ**

ထို့နောက် (၁၁) ကြိမ်မြောက် ကမ္ဘောဒီးယား - လာအို - မြန်မာ - ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အစည်းအဝေးနိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့မြန်မာနိုင်ငံက ဥက္ကဋ္ဌတာဝန်ထမ်းဆောင်နေချိန်ကာလအတွင်းတွင် အဆွေတော်တို့၏ တက်ကြွစွာပူးပေါင်း ဆောင်ရွက်မှု၊ နားလည်ပေးမှုနှင့် အဖိုးမဖြတ်နိုင်သည့် အားပေးထောက်ခံမှုများအတွက် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ ထို့ပြင် မိမိတို့သည် စည်းလုံးညီညွတ်မှု၊ ခံနိုင်ရည်ရှိမှုများနှင့် ယခုနှစ်များအတွင်း ဖြစ်ပေါ်လာသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ခဲ့ကြောင်း၊ စီအယ်လ်အမ်ဗွီ ပူးပေါင်းဆောင်ရွက်မှု မူဘောင်အောက်တွင် သက်ဆိုင်ရာလုပ်ငန်း စီမံချက်များကို ထိရောက်စွာ အကောင်အထည်ဖော်ခြင်းဖြင့် မိမိတို့ဒေသတွင်းရှိ ပြည်သူများ၏ သာယာဝပြောမှုနှင့် ကြီးပွားတိုးတက်မှုကို ပိုမိုအထောက်အကူပြုမည်ဟု ယုံကြည်ကြောင်း၊ မိမိတို့သည် ပိုမိုခိုင်မာသည့် ကတိကဝတ်များနှင့် စီအယ်လ်အမ်ဗွီ ပူးပေါင်းဆောင်ရွက်မှုယန္တရား၏ အရှိန်အဟုန်ကို ဆက်လက်အရှိန်မြှင့်တင်သွားရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

**အလှည့်ကျဥက္ကဋ္ဌတာဝန် လွှဲပြောင်းပေးအပ်**

ဆက်လက်၍ (၁၁) ကြိမ်မြောက် ကမ္ဘောဒီးယား – လာအို – မြန်မာ – ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ်ထံ အလှည့်ကျဥက္ကဋ္ဌ တာဝန်လွှဲပြောင်းပေးအပ်ပြီး ဗီယက်နမ်ဝန်ကြီးချုပ်က အလှည့်ကျဥက္ကဋ္ဌ တာဝန်လွှဲပြောင်းလက်ခံရခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

အစည်းအဝေးအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးချုပ်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့အား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ကမ္ဘာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ဆိုင်ရာညီလာခံ တက်ရောက်ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၇**

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှီအန်းမြို့၌ ကျင်းပသော တတိယအကြိမ်မြောက် ကမ္ဘာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာညီလာခံသို့ တက်ရောက်ပြီး နဝမအကြိမ်မြောက် ကမ္ဘာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ ကုန်စည်ပြပွဲသို့ သွားရောက်လေ့လာကြည့်ရှုကြသည်။

**အလားအလာကောင်းသောစီမံကိန်းများရှိ**

ညီလာခံတွင် ပြည်ထောင်စုဝန်ကြီးက ယခုကျင်းပသည့်အခမ်းအနားသို့ အရှေ့အလယ်ပိုင်းဒေသနှင့် အာဖရိကဒေသများမှ နိုင်ငံများ၊ အရှေ့တောင်အာရှမှ မြန်မာနိုင်ငံကို အဓိကထားဖိတ်ကြားထားသည်ကို တွေ့မြင်ရပါကြောင်း၊ မိမိတို့နိုင်ငံတွင် အလားအလာကောင်းသော ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံကိန်းများရှိပြီး တည်ဆောက်ပြီးဖြစ်သည့် ပိုက်လိုင်း Infrastructure များလည်း ရှိပါကြောင်း၊ ရေနံချက်စက်ရုံနှင့် ဓာတ်မြေဩဇာစက်ရုံများလည်း အဆင့်မြှင့်တင်ရန်နှင့် ထပ်မံတည်ဆောက်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

ကမ္ဘာ့ဘဏ်မှ ဖြစ်နိုင်ခြေဆန်းစစ်အတည်ပြုထားပြီးဖြစ်သည့် ရေနံဆိပ်ကမ်းများနှင့် LNG Terminal တည်ဆောက်ရန် နေရာကောင်းများလည်း ရှိပါကြောင်း၊ ယင်းအခြေခံကောင်းများကို သိရှိစေလိုပြီး လာရောက်ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းများစွာ ရှိနေပါကြောင်း ပြောကြားသည်။

**ပါဝင်ဆွေးနွေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ညီလာခံဆွေးနွေးမှုများ၌ ပါဝင်ဆွေးနွေးရာတွင် “အရှေ့အလယ်ပိုင်းဒေသ၊ အာဖရိကဒေသနှင့် တရုတ်နိုင်ငံတို့အကြား ပေါင်းကူးဆက်သွယ်ပေးနိုင်မည့် ပထဝီအနေအထားအရ အချက်အချာကျသည့် မြန်မာနိုင်ငံမှတစ်ဆင့် စီးပွားရေး အခွင့်အလမ်းတစ်ခုအား ဖန်တီးတည်ဆောက်ကြပါစို့ (Let’s Build a Bridge Between Middle–East, Africa & China)” ဟူသော ခေါင်းစဉ်ဖြင့် ဆွေးနွေးသည်။ **(အပေါ်ပုံ)**




ညီလာခံအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နဝမအကြိမ်မြောက် ကမ္ဘာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ကုန်စည်ပြပွဲကို လေ့လာကြည့်ရှုကြကြောင်း သိရသည်။

**သတင်းစဉ်**



# ဖျာပုံမြို့နယ်အတွင်းရှိ ကျေးလက်လမ်းနှင့် တံတားများ ကွင်းဆင်းကြည့်ရှု

**ဖျာပုံ နိုဝင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်အတွင်း၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော ကျေးလက်လမ်း၊ တံတားတည်ဆောက်ရေး လုပ်ငန်းများကို တာဝန်ရှိသူများက အောက်တိုဘာ ၃၁ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ကွင်းဆင်း စစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနရုံးချုပ်မှ အင်ဂျင်နီယာချုပ် (မြို့ပြ) ဦးကျော်ကျော်ထွေးနှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ပဆင-ရှမ်းကွင်းကြီးလမ်းကို ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ ဖျာပုံ-အပြောင်-ကျီးနှစ်ပင် ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ကွန်ကရစ်တံတား တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တာဝန်ရှိသူက လိုအပ်သည်များကို လုပ်ငန်းအပေါ် တာဝန်ယူဆောင်ရွက်နေသူများအား မှာကြားခဲ့ကြောင်း သိရသည်။ **မိုးစက်(ဘိုကလေး)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လေဆိပ်များနှင့် ကော့သောင်းဆိပ်ကမ်း ကြည့်ရှုစစ်ဆေး




**ရန်ကုန် နိုဝင်ဘာ ၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လေဆိပ်များနှင့် ကော့သောင်းဆိပ်ကမ်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ထားဝယ်လေဆိပ်၊ မြိတ်လေဆိပ်၊ ဘုတ်ပြင်းလေဆိပ်နှင့် ကော့သောင်း လေဆိပ်များသို့ ရောက်ရှိပြီး လေဆိပ်အလိုက် လေယာဉ်ခရီးစဉ်များ ပျံသန်းပြေးဆွဲနေမှု၊ လေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် မြိတ်လေဆိပ်၊ ကော့သောင်းလေဆိပ်များတွင် ကုန်စည်လေယာဉ်ခရီးစဉ်များ ဆင်းသက်နိုင်ရန် လေယာဉ်ပြေးလမ်းနှင့် လေယာဉ်ရပ်နားနေရာများ တိုးချဲ့တည်ဆောက်နိုင်မည့် အခြေအနေများကို လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက မကြာမီ ခရီးသွားလာမှု များပြားသည့် ပွင့်လင်းရာသီသို့ ရောက်ရှိတော့မည်ဖြစ်၍ လေကြောင်းဖြင့် ခရီးသွားလာမှုများ တိုးတက်များပြားလာမည်ဖြစ်သည့်အတွက် လေဆိပ်အလိုက် လေယာဉ်များအန္တရာယ်ကင်းရှင်းမှုရှိစေရေး လေယာဉ်ပြေးလမ်းများနှင့် လေယာဉ်ဆင်းသက်မှု အထောက်အကူပြု ပြေးလမ်းမီးများ၊ လေကြောင်းလမ်းညွှန်ကိရိယာများ၊ ပြေးလမ်းအမှတ်အသားများ ကောင်းမွန်စေရေး အလေးထားဆောင်ရွက်ထားရန်၊ လေဆိပ်အဆောက်အဦများကို သန့်ရှင်းသပ်ရပ်မှုရှိပြီး ခရီးသွားပြည်သူများအဆင်ပြေစွာ ဝင်/ထွက်သွားလာနိုင်ရေး အဆင့်အတန်းမီ ဝန်ဆောင်မှုပေးနိုင်သည့် လေဆိပ်များဖြစ်စေရေး တာဝန်ရှိသူအဆင့်ဆင့်က အလေးထားကြပ်မတ်ဆောင်ရွက်ရန်၊ လေဆိပ်များ လုံခြုံရေးအတွက် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လုံခြုံရေးကျိုးပေါက်မှုဖြစ်စဉ်များ မဖြစ်ပွားစေရေး လုံခြုံရေးအသိ၊ သတိရှိရှိဖြင့် ဆောင်ရွက်ရန်မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အတူ လိုက်ပါလာသည့် တာဝန်ရှိသူများသည်ကော့သောင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မဏ္ဍူသကခန်းမတွင် ကော့သောင်းမြို့၌ တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ကြီးဌာနအောက်ရှိ ဌာနအဖွဲ့အစည်းများမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက စားသောက်ဖွယ်ရာများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ကော့သောင်းဆိပ်ကမ်းသို့ရောက်ရှိရာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူးက တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင်၌ မြို့မဆိပ်ခံတံတား၊ ဘုရင့်နောင်ဆိပ်ခံတံတား၊ တော်ဝင်ကွန်ကရစ် ဆိပ်ခံတံတားနှင့် ဘုတ်ပြင်းမြို့နယ်ရှိ ကျောက်ထနောင်းကွန်ကရစ်ဆိပ်ခံတံတားများ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ၊ ဝင်ငွေရှာဖွေပေးနေမှုအခြေအနေ၊ မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေး နည်းလမ်းဖြင့် ရန်ကုန်-ကော့သောင်း-ရနောင်းနှင့် ရနောင်း-ကော့သောင်း-ရန်ကုန်ခရီးစဉ်ဖြင့် ကမ်းရိုးတန်းသွား သင်္ဘောငယ်များ အသုံးပြု၍ ကုန်သေတ္တာစနစ်ဖြင့် ကုန်စည်များ တင်ပို့နေမှုများကို အသေးစိတ် ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တော်ဝင်ဆိပ်ခံတံတားတွင် ဆိုက်ကပ်ထားသော MCL 4 ရေယာဉ်ပေါ်သို့ တက်ရောက် ကြည့်ရှုစစ်ဆေးပြီး တရားမဝင်ကုန်စည်ပါဝင်မှု မရှိစေရေး အလေးထားဆောင်ရွက်ရန်၊ ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ နှောင့်နှေးကြန့်ကြာမှု မရှိစေဘဲ ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ပေးကြရန် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်) ကြည့်ရှုစစ်ဆေး



**နေပြည်တော် နိုဝင်ဘာ ၇**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)သို့ ရောက်ရှိပြီး အောက်ဆီဂျင်ထုတ်လုပ်ရေးအလုပ်ရုံ၊ ရေသန့်စင်အလုပ်ရုံတို့တွင် စက်ပစ္စည်းများ တပ်ဆင်ပြီးစီးမှု၊ စစ်ဆေးပြုပြင်ပြီးစီးမှု၊ တပ်ဆင်ရန်ကျန်ရှိနေမှု၊ စက်ပစ္စည်းများ စမ်းသပ်မောင်းနှင်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး စက်ရုံတာဝန်ရှိသူများအနေဖြင့် စက်ရုံလည်ပတ်စဉ် မမျှော်မှန်းထားရှိသည့် ကိစ္စရပ်များဖြစ်ပွားလာပါက ကိုင်တွယ်ဖြေရှင်းရမည့် နည်းလမ်းများကို ဘက်ပေါင်းစုံမှ သုံးသပ်၍ ကြိုတင်မျှော်တွေးပြီး စီမံဆောင်ရွက်ထားရမည်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးကို ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။

ဦးစွာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ရှမ်းပြည်နယ်အနေဖြင့် တောင်ကြီး အေးသာယာစက်မှုဇုန်၊ မူဆယ်စက်မှုရပ်ကွက်၊ တာချီလိတ်စက်မှုရပ်ကွက်များ တည်ထောင်ထား၍ ပုဂ္ဂလိကစက်မှုလုပ်ငန်း ၅၆၁ ခုဖြင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံ၍လည်း တိုင်းရင်းသားလုပ်ငန်းရှင်များအား စက်မှုဇုန်များတွင် ပိုမို ရင်းနှီးမြှုပ်နှံလာနိုင်ရေး ဖိတ်ခေါ်ပေးနိုင်ပါရန် ပြည်နယ်အစိုးရကို တိုက်တွန်းလိုကြောင်း၊ MSME ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှ ရှမ်းပြည်နယ်အတွင်းရှိ MSME လုပ်ငန်းရှင် ၁၀ ဦးသို့ ချေးငွေများကို ထုတ်ပေးထားရှိပြီးဖြစ်ကြောင်း၊ ထို့ပြင် ဆီစက်ချေးငွေကိုလည်း လုပ်ငန်းရှင်တစ်ဦးသို့ ထုတ်ပေးထားပြီး ဖြစ်ကြောင်း၊ လုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသဖြင့် ရှမ်းပြည်နယ် အေဂျင်စီအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ် အေဂျင်စီအဖွဲ့အနေဖြင့် MSME များ ဖွံ့ဖြိုးတိုးတက်ရန် ပူးပေါင်းပါဝင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ရှမ်းပြည်နယ်သို့လာရောက်သည့် ခရီးစဉ်များတွင် လမ်းညွှန်ခဲ့သည့်အချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ MSME များနှင့် စက်မှုဇုန်ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကိုရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ရှိပြီးစက်မှုဇုန်များနှင့်ပတ်သက်၍ စက်မှုဇုန်နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိစေရေးအတွက် စီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# “လှပသာယာပြည်မြန်မာ”ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရရှိသူများစာရင်း ထုတ်ပြန်

**နေပြည်တော် နိုဝင်ဘာ ၇**

၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် “လှပသာယာ ပြည်မြန်မာ” ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဩဂုတ် ၂၆ ရက်မှ အောက်တိုဘာ ၃၁ ရက်အထိ ဖိတ်ခေါ်ခဲ့သည်။

ပြိုင်ပွဲတွင် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားရိုးရာအလှအပများ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ လွတ်လပ်ရေးကြိုးပမ်းမှုတွင် ထင်ရှားသည့် အမှတ်သင်္ကေတ၊ နေရာဒေသနှင့် လူပုဂ္ဂိုလ်များ စသည့် လွတ်လပ်ရေး၏ အနှစ်သာရကို ဖော်ကျူးရိုက်ကူးထားသည့် ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါဓာတ်ပုံပြိုင်ပွဲသို့ ပြိုင်ပွဲဝင် ၁၆၃ ဦးက ဓာတ်ပုံပေါင်း ၅၉၉ ပုံကို ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး နိုဝင်ဘာ ၆ ရက်တွင် ဓာတ်ပုံပညာရှင်များက ဆုများစိစစ်ရွေးချယ်ခဲ့ရာ ပထမဆု ဦးမျိုးမင်းထိုက်(The Eagle)၊ ဒုတိယဆု ဦးဇာနည်ကိုကို၊ တတိယဆု ဦးချမ်းသာ (MDY) တို့က ရရှိခဲ့ကြသည်။

ထို့ပြင် အထူးဆုများအဖြစ် အထူးဆု-၁ ဦးချမ်းသာ(MDY)၊ အထူးဆု-၂ ဦးစည်သူအောင်(နန်းတော်ရှေ့)၊ အထူးဆု-၃ ဦးကျော်နိုင်လင်း(လရိပ်ပြာ)၊ အထူးဆု-၄ ဦးချမ်းသာ(MDY)နှင့် အထူးဆု-၅ ဦးချမ်းသာ (မိတ္ထီလာ) တို့က ဆုများရရှိခဲ့ကြသည်။ ဆုရရှိသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဆုများ ထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ဆုပေးပွဲကျင်းပမည့်ရက်အား ထပ်မံအသိပေးအကြောင်းကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၇**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၇/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြား



နေပြည်တော် နိုဝင်ဘာ ၇

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၇/၂၀၂၄)ကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေး ခန်းမ၌ကျင်းပရာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း တက်ရောက်အမှာစကားပြောကြားသည်။(ယာပုံ)**

အစည်းအဝေးသို့ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ အဖွဲ့ဝင်များဖြစ်သည့်ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ ဥက္ကဋ္ဌများဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Online မှ တက်ရောက်ကြသည်။

ဦးစွာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ပြည်သူ့စစ်မှုထမ်းနည်းဥပဒေ ရေးဆွဲခြင်းကို နည်းဥပဒေ စတင်ရေးဆွဲချိန်မှ ယခုအဋ္ဌမမူကြမ်း ရရှိသည်အထိ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ အကြံပြုချက်များအပေါ် ပုဒ်မတစ်ခုချင်းအလိုက် အပြန်ပြန်အလှန်လှန် စိစစ်သုံးသပ်ရေးဆွဲခဲ့ပြီး ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများ (မူကြမ်း)ကို အထက်အဆင့်ဆင့်သို့ လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြပြီးပါက ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများကို ထုတ်ပြန်ပေးသွားမည် ဖြစ်ပါကြောင်း။

ပြည်သူ့ စစ်မှုထမ်းများ ဆင့်ခေါ်ရာတွင် ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ ဆက်ဆံနေရသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများအနေဖြင့် လူမှုဆက်ဆံမှုကောင်းမွန်ရေး၊ ငွေကြေးဆိုင်ရာ မသမာမှုများ မရှိစေရေးနှင့် သတ်မှတ်ချက်စည်းကမ်းများနှင့်အညီ ဆောင်ရွက်စေရေး တာဝန်ရှိသူအဆင့်ဆင့်မှ စိစစ်ကြပ်မတ်ရန်လိုပါကြောင်း၊ မိမိတို့မှ မှန်မှန်ကန်ကန် ဆောင်ရွက်နေသော်လည်း ဆန့်ကျင်ဘက်မီဒီယာများက မမှန်သတင်းများ ထုတ်လွှင့်လျက်ရှိပါကြောင်း၊ ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ ယနေ့အထိ ပြည်သူ့စစ်မှုထမ်းနှင့် ပတ်သက်၍ ဆန့်ကျင်ဘက် မီဒီယာများမှ ထုတ်လွှင့်ခဲ့သည့် သတင်း ၁၂ ပုဒ်ရှိပါကြောင်း၊ ၎င်းတို့ထုတ်လွှင့်ခဲ့သည့် သတင်းများနှင့်ပတ်သက်ပြီး နိုင်ငံပိုင်ရုပ်မြင်သံကြားနှင့် သတင်းစာများမှ False News အဖြစ် တန်ပြန်ထုတ်လွှင့်နိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ဆန့်ကျင်ဘက် မီဒီယာများမှ ထုတ်လွှင့်သည့် သတင်းများစိစစ်ပြီး မှန်ကန်မှုမရှိပါက အချိန်နှင့်တစ်ပြေးညီ တန်ပြန်ထုတ်လွှင့်ရန်လိုအပ်ပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးနှင့် ပတ်သက်၍ စည်းကမ်းတကျ ဆောင်ရွက်ရေး အလေးထားဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ဖွင့်လှစ်ပြီးဖြစ်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအပတ်စဉ် (၆) တွင် တွေ့ကြုံခဲ့ရသည့် အခက်အခဲ၊ အားသာချက် အားနည်းချက်များကို ပြန်လည်သုံးသပ်၍ လာမည့် ပြည်သူ့စစ်မှုထမ်းများ ဆင့်ခေါ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ရည်မှန်းချက်ပြည့်ဝစွာ အကောင်အထည်ဖော်နိုင်ရေးနှင့် အဆင်ပြေချောမွေ့စေရေးအလေးထားဆောင်ရွက်ကြရန် လိုပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းများ ဆင့်ခေါ်ရေး ဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် ဥပဒေ၊ စံပြုလုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရန်နှင့် ဖြည့်စွက်အကြံပြု ဆွေးနွေးလိုသည်များကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြရန် ပြောကြားသည်။

ထို့နောက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေး ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အားသာချက်၊ အားနည်းချက်များကိုအခြေခံ၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရန်၊ ပြည်သူ့စစ်မှုထမ်း လုပ်ငန်းစဉ်များနှင့်စပ်လျဉ်းသည့် အသိပညာပေးလုပ်ငန်းများအား ထိရောက်စွာ ဆောင်ရွက်ရန်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများက ကင်းလွတ်ခွင့်၊ လျှော့ပေါ့ခွင့်၊ ရွှေ့ဆိုင်းခွင့်ဆိုင်ရာကိစ္စများ၊ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေး လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်နေမှုနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရာတွင် အကြောင်းမဲ့ ပျက်ကွက်သူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ထားမှု အခြေအနေများကိုလည်းကောင်း၊ ပြည်သူ့စစ်မှုထမ်းများအတွက် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးမှု အခြေအနေများကို လည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဥက္ကဋ္ဌများက ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆောင်ရွက်နေမှု အခြေအနေများနှင့် တွေ့ကြုံရသည့် အားသာချက်/ အားနည်းချက်များကို လည်းကောင်း၊ ပြည်သူ့စစ်မှုထမ်း သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်မှုနှင့် ထောက်ပံ့ပေးနိုင်မှုအခြေအနေများကို လည်းကောင်း သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြကြရာ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌက လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့များအနေဖြင့် ပြည်သူ့စစ်မှုထမ်းများအဖြစ် စာရင်းရေးသွင်းပြီးမှ အကြောင်းမဲ့ပျက်ကွက်သူများ၊ ဆေးအောင်ပြီးမှ အကြောင်းမဲ့ပျက်ကွက်သူများ၊ သင်တန်းကျောင်းသို့ရောက်ရှိပြီးမှ အကြောင်းမဲ့ပျက်ကွက်သူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ကြရန်လိုပါကြောင်း ၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေး ဆောင်ရွက်ရာတွင် အတင်းအဓမ္မဆင့်ခေါ်ခြင်းမျိုး မဖြစ်စေရေး သတ်မှတ်ညွှန်ကြားချက်များ၊ စံပြုလုပ်ထုံး လုပ်နည်းများနှင့်အညီ အထူးအလေးထား ဆောင်ရွက်ရန် လိုအပ်ပါကြောင်းနှင့် သင်တန်းအမှတ်စဉ်အလိုက် သတ်မှတ်ရည်မှန်းချက် ပြည့်မီအောင် ဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့အခြေခံပညာကျောင်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၇**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဧရာဝတီတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးခင်မောင်ကြည်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ငပုတောမြို့နယ် ဟိုင်းကျွန်းကြီးမြို့ရှိ ကံချိုင်အခြေခံပညာအထက်တန်းကျောင်း၊ ဇီးချိုင်ရွာ အခြေခံပညာအထက်တန်းကျောင်း၊ ကျောက်ချောင်း အခြေခံပညာအထက်တန်းကျောင်း၊ ကညင်ချောင်း(တောင်)ကျေးရွာ အခြေခံပညာမူလတန်းကျောင်းနှင့် သဲကျင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**



ကြည့်ရှုစစ်ဆေးစဉ် ဆရာ ဆရာမများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကာ ကျောင်းသား ကျောင်းသူများကို ပညာတတ်၍ ကိုယ်ကျင့်တရားကောင်းမွန်ပြီး မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ရှိသူများဖြစ်အောင် ပြုစုပျိုးထောင်သင်ကြားပေးကြစေလိုပါကြောင်း၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ပညာသင်ကြားနေမှု အခြေအနေများ အဆင်ပြေချောမွေ့စေရေးနှင့် ကျောင်းသား ကျောင်းသူများ၏ ပညာသင်ယူမှုအခွင့်အလမ်း အပြည့်အဝရရှိစေရေးတို့ကို ဆရာ ဆရာမများအားလုံးက ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကညင်ချောင်း(မြောက်) အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၊ ကုန်းတန်းအခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ စံထူး-စံပြ-အဏ္ဏဝါ အခြေခံပညာအထက်တန်းကျောင်းနှင့် ဟိုင်းကြီးကျွန်းမြို့ အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စာသင်ခန်းအတွင်း အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားသင်ယူနေကြသည့် ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အချိန်ကိုတန်ဖိုးထား၍ ပညာကိုကြိုးစားသင်ကြားကြရန်၊ ပညာသင်ကြားရမည့်အရွယ်တွင် ပညာကိုစဉ်ဆက်မပြတ်ကြိုးစားသင်ယူကြရန်၊ ပညာသင်ကြားရာတွင် အတန်းပညာများကို အမှန်တကယ်တတ်မြောက်အောင် သင်ယူကြရန်နှင့် ငယ်စဉ်ကတည်းက ကြိုးစား၍ လူတော်လူကောင်း အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း အားပေးစကားပြောကြားပြီး ဆရာ ဆရာမများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် (၃၆)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အခမ်းအနားတက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၇**

(၃၆) နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ Hotel Max ၌ ကျင်းပသည်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် (၃၆)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန နှစ်ပတ်လည်နေ့ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။



အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးသမိုင်းတစ်လျှောက်တွင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသည် အရေးကြီးသည့် အခန်းကဏ္ဍက ပါဝင်ခဲ့ကြောင်း၊ နိုင်ငံတော်၏အုပ်ချုပ်ရေးယန္တရား ပြောင်းလဲမှု ဖြစ်စဉ်များနှင့်အတူ အသွင်အမျိုးမျိုးဖြင့် ပြုပြင်ပြောင်းလဲပြီး ယနေ့ခေတ်ကာလတိုင်အောင် နိုင်ငံတော်၏ အုပ်ချုပ်ရေးကို အထောက်အကူပြုသည့် ဌာနကြီးတစ်ခုအနေဖြင့် ဆက်လက် ရပ်တည်နိုင်ခဲ့ခြင်းသည် ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနေဖြင့် ဌာန၏ရည်မှန်းချက်များဖြစ်သည့် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ကြရာတွင် ဌာန၏ မူဝါဒများဖြစ်သည့် နိုင်ငံတော်မူဝါဒ လိုက်နာရေး၊ အခြေခံသဘောတရားနှင့် ကိုက်ညီရေး၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဖြစ်စေရေးတို့နှင့်အညီ ပေးအပ်သည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လျက် ရှိသည်ကိုလည်း တွေ့ရပါကြောင်း။

စက်တင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ ရာဂီတိုင်ဖွန်းမုန်တိုင်း အရှိန်ကြောင့် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ရာ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းများသည် သက်ဆိုင်ရာ ခရိုင်/ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များနှင့်အတူ ထဲထဲဝင်ဝင် ပူးပေါင်းဆောင်ရွက် နိုင်ခဲ့သည့်အပေါ် ဌာနအနေဖြင့် များစွာဂုဏ်ယူရမည်ဖြစ်ကြောင်း ယခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ လူဦးရေနှင့် အိမ်အကြောင်းအရာ ကိန်းဂဏန်း၊ အချက်အလက်များကို နိုင်ငံတစ်ဝန်းတစ်ပြိုင်တည်း ကွင်းဆင်းကောက်ယူခဲ့ရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက သက်ဆိုင်ရာ ဌာန/ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ပြီး အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သည်ကိုလည်း တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က ချမှတ်ထားသည့် အမျိုးသားရေး ရည်မှန်းချက်(၂)ရပ်၊ နိုင်ငံရေး ရည်မှန်းချက် (၂)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်တို့ကို "မူဝါဒ" အဖြစ်ခံယူပြီး ကျရာအခန်းကဏ္ဍမှ စိတ်ရင်းစေတနာအမှန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့် အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အရာထမ်း၊ အမှုထမ်းများအနေဖြင့် လိုအပ်သည့်အခန်းကဏ္ဍမှပါဝင်၍ ပူးပေါင်း ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း၊ နိုင်ငံ့အကျိုးကို အစဉ်သယ်ပိုးနိုင်ပြီး အရည်အသွေးပြည့်ဝသည့် အုပ်ချုပ်ရေးဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ယင်းနောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအတွက် ဌာနတူညီဝတ်စုံများ၊ အခြေခံ စားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခြင်း၊ နိုင်ငံ့ဝန်ထမ်း တက္ကသိုလ်များနှင့် အုပ်ချုပ်ရေးပညာ ဖွံ့ဖြိုးမှု သင်တန်းကျောင်းတို့၌ ဖွင့်လှစ်ခဲ့သည့် သင်တန်းများတွင် စံပြဆု၊ ပထမဆုရရှိသူများကို ဆုများချီးမြှင့်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒေသမျိုးရင်းသစ်စေ့ မျိုးကောင်းမျိုးသန့်များ စဉ်ဆက်မပြတ်ရရှိရေးအတွက် သစ်စေ့ထုတ်ရေိယာများ တိုးချဲ့တည်ထောင်သွားရန်လိုအပ်

**နေပြည်တော် နိုဝင်ဘာ ၇**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယနေ့တွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် မုန်တိုင်ကြိုးဝိုင်းအကွက်အမှတ် (၄) ရှိ ဒဟတ်သစ်စေ့ထုတ်ဧရိယာသို့ သွားရောက်၍ သစ်စေ့ထုတ်ဧရိယာအတွင်းမှ အပူပိုင်းဒေသမျိုးရင်း ဒဟတ်သစ်မျိုးစေ့များ စုဆောင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် တာဝန်ရှိသူများက နှစ်အလိုက် သစ်စေ့စုဆောင်းမှု၊ သိုလှောင်ထိန်းသိမ်းမှု၊ ဖြန့်ဖြူးပျိုးထောင်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက အပူပိုင်းဒေသရှိ ခရိုင် ၁၃ ခုအတွင်း ရာသီဥတုနှင့်ကိုက်ညီသည့် ဒေသမျိုးရင်းသစ်မျိုးများ စိုက်ပျိုးရေးသည် အထူးအရေးကြီးကြောင်း၊ ဒေသမျိုးရင်းသစ်စေ့ မျိုးကောင်းမျိုးသန့်များ စဉ်ဆက်မပြတ် ရရှိရေးအတွက် သစ်စေ့ထုတ်ဧရိယာများ တိုးချဲ့တည်ထောင်သွားရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာမြို့နယ် မုန်တိုင်ကြိုးဝိုင်းအကွက် အမှတ် (၄)ရှိ ၁/၂၀၂၄ ကျေးရွာသုံးထင်းစိုက်ခင်းဧက ၃၀ နှင့် ၂/၂၀၂၄ အခြားစိုက်ခင်း ၂၅ ဧက အတွင်း တမာ၊ ဒဟတ်၊ မဲဇလီ၊ ကုက္ကိုသစ်မျိုးများ စိုက်ပျိုးရှင်သန်နေမှုကိုလည်းကောင်း၊ မလှိုင်မြို့နယ်နှင့် ဝမ်းတွင်းမြို့နယ်ရှိ မယ်ညိုတောင်ကြိုးဝိုင်းအတွင်း အမြန်လမ်းမကြီး ဝဲယာ စိမ်းလန်းစိုပြည်ရေးအတွက် အပူပိုင်းဒေသ သစ်မျိုးများ စိုက်ပျိုထားသော တစ်အုပ်တစ်မစိုက်ခင်းကို လည်းကောင်း၊ ၂၀၁၈ ခုနှစ် ကျေးရွာသုံးထင်းစိုက်ခင်းဧက ၁၀၀ နှင့် အမြန်လမ်းမကြီး ဝဲယာ တစ်အုပ်တစ်မ စိုက်ခင်းဧက ၅၀ ရှင်သန်အောင်မြင်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။



ယင်းနောက် ပြင်ဦးလွင်မြို့နယ်ရှိ ဒိုးကွင်သစ်တောပျိုးဥယျာဉ်သို့ သွားရောက်၍ ပျိုးပင် ၁၃၀၀၀၀ ကျော် ပျိုးထောင်ထားရှိမှု၊ ဆေးဖက်ဝင်ဂမုန်းမျိုးစိတ် ၂၀ နှင့် မြန်မာ့ရှားပါးသစ်ခွမျိုးစိတ် ၆၀ တို့၏ မျိုးရိုးဗီဇထိန်းသိမ်း ဆောင်ရွက်နေမှုကို လည်းကောင်း၊ ထင်းကြိုးဝိုင်း ထင်းကြိုးဝိုင်း အကွက်အမှတ် အကွက် အမှတ် (၁၁) အတွင်း ပြီးခဲ့သည့်နှစ်နှင့် ယခုနှစ် မိုးရာသီ စုပေါင်းသစ်ပင် စိုက်ပျိုးပွဲတွင် စိုက်ပျိုးခဲ့သည့် အပင်များ ရှင်သန်အောင်မြင်မှုကို လည်းကောင်း၊ ထင်းကြိုးဝိုင်း အကွက်အမှတ် (၁၄) ရှိ ချယ်ရီ တစ်အုပ်တစ်မ စိုက်ခင်း ရှင်သန်ဖြစ်ထွန်းနေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❐ *ကျောဖုံးမှ*

### အကြံပြုချက်

ယနေ့ မွန်းလွဲမှ နိုဝင်ဘာ ၈ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက် မိုးကြီးခြင်း၊ နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြု ရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

❖ *ကျောဖုံးမှ*

အပြည့်အဝအသုံးချကာ ဇယားထိပ်ဆုံးတွင် ငါးမှတ်ဖြတ် ဦးဆောင်နိုင်ခဲ့သည်။ တန်းတက် Dagon Port အသင်းသည် အဝေးကွင်း၌ ရှုန်းကန်ခဲ့သော်လည်း ရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရသည်။

AFC Challenge League အုပ်စုပွဲများ ကစားထားရသည့် ရှမ်းယူနိုက်တက်အသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲများ ပြုလုပ်ခဲ့ပြီး Dagon Port အသင်းမှာမူ နိုင်ငံခြားသားကစားသမားသုံးဦး အပါအဝင် အမာခံကစားသမားအများစု အသုံးပြုခဲ့သည်။ Dagon Port အသင်းကလည်း အဝေးကွင်းတွင် အမှတ်ရယူနိုင်ရန် ကြိုးပမ်းခဲ့ရာ ရှမ်းယူနိုက်တက်အသင်း ဂိုးရရန်ရုန်းကန်ခဲ့ရပြီး ပထမပိုင်းပြီးခါနီးနှင့် ဒုတိယပိုင်း မိနစ် ၇၀ နောက်ပိုင်းမှ ဂိုးသွင်းနိုင်ခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၄၅+၂ မိနစ်တွင် သက်ဝေမိုး၊ ၇၆ မိနစ်တွင် မြတ်ကောင်းခန့်နှင့် ၈၅ မိနစ်တွင် ရဲရင့်အောင်တို့က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရှမ်းယူနိုက်တက်နောက်ခံလူ သက်ဟိန်းစိုးက ရရှိသည်။ ပွဲစဉ် ၁၃ အပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ရမှတ် ၃၇ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး ဟံသာဝတီယူနိုက်တက်အသင်းက ၃၂ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ၃၁ မှတ်၊ ဒဂုံစတားယူနိုက်တက်အသင်းက ၂၆ မှတ်၊ အား/ကာသံပွဲအသင်းက ရမှတ် ၂၀၊ မဟာယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းက ၁၉ မှတ်စီ၊ Dagon Port အသင်းက ၁၂ မှတ်၊ သစ္စာအားမာန်အသင်းက ၁၁ မှတ်၊ ဧရာဝတီယူနိုက်တက်အသင်းက ရှစ်မှတ်၊ မြဝတီအသင်းက လေးမှတ်၊ ရခိုင်ယူနိုက်တက်အသင်းက နှစ်မှတ် ရရှိထားသည်။ **ရဲရင့်လွင်၊ ဓာတ်ပုံ-MNL**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ခွန်စံလွင်နှင့်အဖွဲ့ (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့အခမ်းအနား တက်ရောက်

ဘားအံ နိုဝင်ဘာ ၇

**ကရင်တိုင်းရင်းသားလူမျိုးများ၏ နေ့ထူးနေ့မြတ်ဖြစ်သော (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့ မြက်ခင်းပြင်၌ ကျင်းပသည်။**



အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ခွန်စံလွင်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေး အဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ရန်ကုန်၊ မွန်၊ တနင်္သာရီတို့မှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ တိုင်းရင်းသား လက်နက်ကိုင် ငြိမ်းချမ်းရေး အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ မြို့မိမြို့ဖများ၊ ဒေသခံ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ သဘာပတိအဖွဲ့ဝင်များ နေရာယူပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အလံအား အလေးပြု၍ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းတို့အား အလေးပြုကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီး ချုပ်သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံမှပေးပို့သည့် ၂၀၂၄ ခုနှစ် (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ကဖတ်ကြားပြီး ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးက နှုတ်ခွန်းဆက် အမှာစကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင်၊ ခွန်စံလွင်၊ တိုင်းရင်းသားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်၊ ကရင်ပြည်နယ်နယ်ခြားစောင့်တပ် ဗဟိုအကြံပေးနှင့် ကွပ်ကဲရေးအဖွဲ့(BGF) အထွေထွေအတွင်းရေးမှူး စောချစ်သူ၊ ကရင်အမျိုးသားအစည်းအရုံး/ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) KNU/KNLA(PC) ဒုတိယဥက္ကဋ္ဌ ဒေါက်တာ နော်ကပေါ်ထူး၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA)မှ စောစိန်ဝင်း၊ ကရင်ပြည်နယ်ဝန်ကြီးချုပ်(ငြိမ်း) ဦးဇော်မင်းနှင့် မြို့မိမြို့ဖ ဦးစောဖိုးနီတို့က (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် မုခ်ဦးနှင့် ပြခန်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(အပေါ်ပုံ)** နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်မုခ်ဦးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး၍ ငြိမ်းချမ်းရေးချိုးဖြူငှက် (၆၉)ကောင်ကို လွှတ်ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့်အဖွဲ့သည် ဌာနဆိုင်ရာပြခန်းများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြခန်းများ၊ ဒေသထွက်ကုန်အရောင်းပြခန်းများ၊ အသေးစား၊ အငယ်စား၊ အလတ်စား စက်မှုလက်မှုထုတ်ကုန်ပြခန်းများအား လှည့်လည်ကြည့်ရှု အားပေးကြပြီး ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနပြခန်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက သီးနှံအမျိုးအစားပေါင်း ၄၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်သည့်အနက်မှ ပထမဆုရရှိသည့် သီးနှံများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ရိုးရာလှေလှော်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်နှင့်ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး အမျိုးသား/အမျိုးသမီး(၅) တက်လှော်ပြိုင်ပွဲ၊ (၇) တက်လှော်ပြိုင်ပွဲနှင့် (၂၀) တက် နဂါးလှေလှော်ပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသူများကို ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

မွန်းလွဲပိုင်းတွင် (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် ကရင်ပြည်နယ် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းသည့် အခမ်းအနားကို ဖွဲ့ကပင်ခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက စီမံခန့်ခွဲရေး၊ လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပညာရေး၊ စက်မှုနှင့် နည်းပညာ၊ မွေးမြူရေး၊ အမျိုးဘာသာသာသနာ အစရှိသည့် ကဏ္ဍများအတွက် ဂုဏ်ထူးဆောင်ဆုပေါင်း ၇၅ ဆုကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် နိုဝင်ဘာ ၆ ရက် ညပိုင်းက ဘားအံမြို့ သီရိကွင်း၌ (၆၉) နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် ဒုံးအကပြိုင်ပွဲ ဒုတိယနေ့အဖြစ် ယှဉ်ပြိုင်လျက်ရှိသော ပြိုင်ပွဲဝင် ဒုံးအဖွဲ့ ၁၀ ဖွဲ့၏ မြူးကြွသွက်လက် မြိုင်ဆိုင်စွာ ယှဉ်ပြိုင်ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြပြီး ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

# လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေဘေးသင့်ဝန်ထမ်းများအတွက် ဒုတိယအကြိမ် ထောက်ပံ့ငွေပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၇**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ရေဘေးသင့်ဝန်ထမ်းများအတွက် လျှပ်စစ် ဝန်ထမ်းဟောင်းများအသင်းမှ လှူဒါန်းငွေအား ဒုတိယအကြိမ် ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးအမှတ် (၂၇) အစည်းအဝေးခန်းမ(၂)၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း၊ ဒုတိယဝန်ကြီး ဦးအေးကျော်၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာန၊ လုပ်ငန်း၊ ကော်ပိုရေးရှင်းတို့မှ တာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများနှင့် ရေဘေးသင့် ဝန်ထမ်းများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက သဘာဝဘေးဒဏ်ကြောင့် နေအိမ်၊ အဆောက်အဦ၊ ပစ္စည်းများထိခိုက်ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ပြီး ရေဘေးဒဏ်သင့်ခံစားခဲ့ရသည့် မိမိတို့ဝန်ကြီးဌာနမှ ဝန်ထမ်း ၁၇၅ ဦးကို သက်ဆိုင်ရာ ဌာနများအလိုက် ဌာနကြီးမှူးများကို စေလွှတ်၍ ယာယီ နေရာပြောင်းရွှေ့ပေးခြင်း၊ စားသောက်နေထိုင်ရေး စီစဉ်ဆောင်ရွက်ပေးခြင်းများ ပြုလုပ်ဆောင်ရွက်ပေးပြီး ဝန်ကြီးဌာနအနေဖြင့်လည်း ထောက်ပံ့ငွေပေးအပ်မှုများကို ပထမအကြိမ်အဖြစ် ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် ထောက်ပံ့ပေးအပ်ခဲ့ပြီး ယခု ဒုတိယအကြိမ်အဖြစ် လျှပ်စစ် ဝန်ထမ်းဟောင်းများအသင်းမှလှူဒါန်းငွေအား ထပ်မံထောက်ပံ့ ပေးအပ်ခြင်းဖြစ်ပါကြောင်း၊ ယခုထောက်ပံ့မှုသည် တစ်ဦးချင်းလိုအပ်ချက် တစ်စိတ်တစ်ပိုင်းသာ ဖြစ်နိုင်သဖြင့် ထောက်ပံ့မှုများအား အကျိုးရှိစွာ အသုံးချနိုင်ရေး ဆောင်ရွက်ကြရန် ပြောကြားသည်။ **(ဝဲပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ရေဘေးသင့်ဝန်ထမ်း ၁၇၅ ဦးအတွက် ဒုတိယအကြိမ်အဖြစ် လျှပ်စစ် ဝန်ထမ်းဟောင်းများအသင်းမှ လှူဒါန်းငွေအား ထောက်ပံ့ပေးအပ်ရာ သက်ဆိုင်ရာဌာနအလိုက် ဌာနအကြီးအမှူးများက လက်ခံရယူကြပြီး ရေဘေးသင့် ဝန်ထမ်းများကိုယ်စား ဝန်ထမ်းတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# မူဆယ်မြို့၌ တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် နိဗ္ဗာန်ဈေးပွဲ ကျင်းပမည်

**မူဆယ် နိုဝင်ဘာ ၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့၌ (ပထမအကြိမ်) တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် နိဗ္ဗာန်ဈေးပွဲတော်ကို မြို့အဝင် မီးပွိုင့်အနီး၊ ရဟတ်ယာဉ်ကွင်း၌ နိုဝင်ဘာ ၁၅ ရက်မှစ၍ သုံးရက်တိုင်တိုင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် နိဗ္ဗာန်ဈေးပွဲတော်ကို မူဆယ်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဇော်မိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများက ဦးဆောင်၍ မီးပုံးပျံလွှတ်တင်ခြင်းများ ဆောင်ရွက်မည်ဖြစ်ပြီး နိဗ္ဗာန်ဈေးပွဲတော်၌ ကြာဆံဟင်းခါး၊ မုန့်ဟင်းခါး၊ သာကူ စသည့်မြန်မာ့ရိုးရာအစားအစာများနှင့် စားသောက်ဖွယ်ရာများ၊ အမှတ်တရလက်ဆောင်ပစ္စည်းများကို အခမဲ့စားသောက်ရမည်ဖြစ်ပြီး မဲပေါက်သည့် လက်ဆောင်ပစ္စည်းများကိုလည်း အမှတ်တရ ရရှိကြမည်ဖြစ်ကာ အဆိုပါပွဲတော်နေ့တွင် နယ်စပ်ရွှေလီမြို့ဘက်မှ ပြည်သူများလည်း လာရောက်လေ့လာကြဖွယ်ရှိကြောင်း သိရသည်။

**ချယ်ရီမြေ(မူဆယ်)**

---

○ *ကျော်ဖုံးမှ*

ဂိုးအဖြစ် ပြောင်းလဲနိုင်စွမ်းမရှိသည့်အတွက် ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ အင်တာမီလန်အသင်းသည် ယခုအနိုင်ပွဲကြောင့် ချန်ပီယံလိဂ်ပြိုင်ပွဲ လေးပွဲတွင် သုံးပွဲနိုင်၊ တစ်ပွဲသရေနှင့် ရမှတ် ၁၀ မှတ်ရရှိကာ နောက်တစ်ဆင့်တက်လှမ်းနိုင်ရေးအတွက် အခွင့်အရေးကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

အာဆင်နယ် အသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲ လေးပွဲကစားပြီး ရမှတ် ၇ မှတ်သာ စုဆောင်းရရှိထားသေးသည့်အတွက် နောက်တစ်ဆင့်ကို တိုက်ရိုက်တက်လှမ်းနိုင်ရန် လက်ကျန်ပွဲစဉ်များတွင် မဖြစ်မနေ ရလဒ်ကောင်းရရှိရေး ကြိုးပမ်း အားထုတ်ရတော့မည်ဖြစ်သည်။

ချန်ပီယံလိဂ် အုပ်စုပွဲစဉ် (၄) မှ အခြားပွဲစဉ်ရလဒ်များတွင် ကလပ်ဘရုဂ်က အက်စ်တွန်ဗီလာကို တစ်ဂိုး-ဂိုး မရှိ၊ ရှက်တာဒိုးနက်က ယန်းဘွိုင်းကို နှစ်ဂိုး-တစ်ဂိုး၊ ဆောလ်ဘတ်က ဖီယင်နူကို သုံးဂိုး-တစ်ဂိုး၊ ဘာစီလိုနာက ရက်စတားကို ငါးဂိုး-နှစ်ဂိုး၊ အက်သလက်တီကိုမက်ဒရစ်က ပီအက်စ်ဂျီကို နှစ်ဂိုး-တစ်ဂိုး၊ ဘရက်စ်က စပါတာကို နှစ်ဂိုး-တစ်ဂိုး၊ အတ္တလန္တာက စတုဂတ်ကို နှစ်ဂိုး-ဂိုးမရှိ၊ ဘိုင်ယန်မြူးနစ်က ဘင်ဖီကာကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲကိုယ်စီ ရရှိခဲ့ကြသည်။

**အောင်ဇော်**

# ဆောင်းရာသီကာလရောက်တိုင်း တောင်တန်းဒေသများကို အလှဆင်နေသည့် တောင်ဇလပ်ပန်းများအလှ ဝိုင်းဝန်းကာကွယ်

**တောင်ဇလပ်ပန်းသည် တောင်ကုန်း၊ တောင်တန်းနှင့် တောင်စွယ်ဒေသများတွင် အများဆုံးတွေ့မြင်ရပြီး လူတိုင်းကြိုက်နှစ်သက်သည့် ပန်းအမျိုးအစားဖြစ်ပေသည်။ တောင်ကုန်း၊ တောင်တန်းများကြားတွင် ဆောင်းနှင်းစက်များနှင့်အတူ လိုက်ဖက်ညီထွေစွာ ဝေဆာဖူးပွင့်သည့် တောင်ဇလပ်ပန်းအလှကို ရှုမျှော်နိုင်ရန်နှင့် အလှဓာတ်ပုံများ ရိုက်ကူးရန်အတွက် ဆောင်းရာသီကာလရောက်တိုင်း တောင်ဇလပ်ပန်းများရှိရာ တောင်ပေါ်ဒေသများတွင် ပြည်တွင်း၊ ပြည်ပက ခရီးသွားဧည့်သည်များဖြင့် အစဥ်စည်ကားလျက်ရှိပေသည်။**

ဆလိုင်းကိုကီး(မဟာဝိဇ္ဇာ)



- **တောင်ဇလပ်ပင်များ ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက် လူသွားလူလာများသည့် နေရာများ၊ အဆောက်အအုံများတွင် အသိပညာပေးပိုစတာများ စိုက်ထူခြင်း၊ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များနှင့် ဒေသခံပြည်သူများအား စိတ်ဝင်စားဆွဲဆောင်စေမည့် တောင်ဇလပ်ပန်းဥယျာဥ်ခြံအဖြစ် စိုက်ပျိုးထိန်းသိမ်းခြင်းတို့ဖြင့် တောင်ဇလပ်ပန်း ပျက်စီးပြုန်းတီးမှုကိုကာကွယ်သင့်**
- **တောင်ဇလပ်ပန်းများ ရှင်သန်ပေါက်ရောက်သည့် တောင်ပေါ်ဒေသများရှိ ပြည်သူများနှင့် ခရီးသွားပြည်သူများအနေဖြင့်လည်း တောင်ဇလပ်ပန်း၏ အလှတန်ဖိုး၊ ရှားပါးမှုတန်ဖိုးတို့ကို နားလည်သိရှိပြီး အပင်ခုတ်လှဲခြင်း၊ အကိုင်းအခက်များ ချိုးယူခြင်းနှင့် အပွင့်ခူးယူခြင်းများ မပြုလုပ်ကြဘဲ ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်သင့်**

### တောင်ဇလပ်ပန်းသုံးမျိုးလုံး ချင်းပြည်နယ်တွင်သာ ပေါက်ရောက်လျက်ရှိ

တောင်ဇလပ်ပန်းကို သိပ္ပံအမည်အားဖြင့် Rhododendron arboretum ဟု အမည်ပေးထားပြီး ကမ္ဘာပေါ်တွင် တရုတ်၊ အိန္ဒိယ၊ နီပေါ၊ သီရိလင်္ကာ၊ ပါကစ္စတန်နှင့် ထိုင်းနိုင်ငံ တောင်ပေါ်ဒေသများ၌ ပေါက်ရောက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် တွေ့မြင်နိုင်သည်။ တောင်ဇလပ်ပန်းပင်မှာ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၄၀၀၀ မှ ပေ ၆၀၀၀ အမြင့်အတွင်း ပေါက်ရောက်နိုင်သော အပင်တစ်မျိုးဖြစ်ပြီး မြန်မာနိုင်ငံတွင် ဇလပ်နီ (တောင်ဇလပ်ပန်းအနီရောင်)၊ ဇလပ်ဝါ (တောင်ဇလပ်ပန်းအဝါရောင်) နှင့် ဇလပ်ဖြူ (တောင်ဇလပ်ပန်းအဖြူရောင်) စသည့် တောင်ဇလပ်ပန်းသုံးမျိုးလုံးကို ချင်းပြည်နယ်တွင်သာ ပေါက်ရောက်လျက်ရှိကြောင်း သိရသည်။

တောင်ဇလပ်ပန်းများ ဖူးပွင့်ဝေဆာချိန်သည် နှစ်စဥ်နိုဝင်ဘာလမှ ဖေဖော်ဝါရီလအထိ ဆောင်းရာသီကာလဖြစ်ပြီး အပွင့်များကို မတ်လကုန်အထိ တွေ့မြင်နိုင်သည်။ တောင်ဇလပ်ပန်းများ အပွင့်စုံလင်ပြီး အလှဆုံးအချိန်သည် ဒီဇင်ဘာလနှင့် ဇန်နဝါရီလများဖြစ်သည်။ တောင်ဇလပ်ပန်းတို့မှာ လချီပွင့်လေ့ရှိတတ်ပြီး တောင်ပေါ်ဒေသကို အချိန်ကာလကြာမြင့်စွာ အလှဆင်သော ပန်းအမျိုးအစားလည်းဖြစ်သည်။ တောင်ဇလပ်ပန်းမှာ ပန်းခိုင်အမျိုးအစားဖြစ်ပြီး ပန်းပွင့်မှာ ခေါင်းလောင်းပုံစံရှိကာ အမြင့်ပေမှာ ၂၀ မီတာခန့်အထိရှိသည်။ ပန်းခိုင်တစ်ခိုင်တွင် ပန်းပွင့်ငယ် ၁၅ ပွင့်မှ အပွင့် ၂၀ အထိပါရှိကာ ပန်းပွင့်၏အရှည်နှင့် အကျယ်မှာ ၁ ဒသမ ၅ လက်မခန့်အထိ ကြီးထွားသည်။ ပန်းပွင့်အတွင်း အနက်ရောင်အပြောက်များနှင့် ဝတ်ရည်အိတ် အနက်ရောင်များ တွေ့ရှိနိုင်သည်။ တောင်ဇလပ်ပင်၏ပင်စည်မှာ အပူပိုင်းဒေသများတွင် ပေါက်ရောက်လေ့ရှိသော စောင်းပင်ကဲ့သို့ အစိမ်းရင့်ရောင်ဖြစ်ပြီး ပင်စည်အတွင်းရှိ အမျှင်များမှာ ကျစ်လျစ်စွာပူးကပ်တည်ရှိသည်ကို တွေ့ရသည်။ အပင်အကိုင်းအခက်များလည်း ၁၂ မီတာခန့် ကျယ်ဝန်းပြီး ခိုင်မာသော သဘောဆောင်ခြင်းတို့ကြောင့် လေတိုက်နှုန်းဒဏ်များ ခံနိုင်စွမ်းရှိသည်။

### တောင်ဇလပ်ပန်းအဝါရောင်သည် သွားလာရန် ခက်ခဲသည့်နေရာများ၌ ပေါက်ရောက်

တောင်ဇလပ်အနီနှင့် အဝါတို့သည် မြေကြီးပေါ်တွင် ပေါက်ရောက်လေ့ရှိပြီး တောင်ဇလပ်ပန်းအဖြူအချို့မှာမူ သစ်ပင်ကြီးများပေါ်တွင် ကပ်ပါးပုံစံဖြင့် ပေါက်ရောက်သကဲ့သို့ မြေကြီးပေါ်တွင်လည်း ပေါက်ရောက်နိုင်သည်။ တောင်ဇလပ်ပန်း (အနီရောင်)နှင့် တောင်ဇလပ်ပန်း (အဖြူရောင်) တို့ကို ချင်းပြည်နယ်ရှိ တောင်ပေါ်ဒေသနေရာအနှံ့အပြားတွင်တွေ့မြင်ရသော်လည်း ရှားပါးသည့်တောင်ဇလပ်ပန်းအဝါရောင်ကိုမူ မြို့၊ ကျေးရွာများနှင့် အလှမ်းဝေးကွာသည့်နေရာများ၊ သာမန်လူ သွားလာရန် ခက်ခဲသည့်နေရာများတွင်သာ ပေါက်ရောက်သည်ကို တွေ့ရသည်။

ကမ္ဘာပေါ်တွင် တောင်ဇလပ်ပန်းအနီကို နီပေါနိုင်ငံက အမျိုးသားပန်းအဖြစ် သတ်မှတ်ထားသည်ကိုတွေ့ရပြီး မြန်မာနိုင်ငံတွင် ချင်းပြည်နယ်၏ အမျိုးသားပန်းအဖြစ် သတ်မှတ်ကြသည်။ တောင်ဇလပ်ပန်းကို ချင်းတိုင်းရင်းသားများက မိမိဘာသာစကားဖြင့် ဒေသအလိုက် နာမည်အမျိုးမျိုး ခေါ်ဝေါ်ကြပြီး တောင်ဇလပ်ပန်းအနီကို ရဲရင့်ခြင်း၊ တောင်ဇလပ်ပန်းအဖြူကို ရိုးသားဖြောင့်မတ်ခြင်း စသည်ဖြင့် ကိုယ်စားပြုသည်ဟု တင်စားခေါ်ဝေါ်ကြသည်။ ထိုအချက်များကြောင့်ပင် ချင်းတိုင်းရင်းသားများက တောင်ဇလပ်ပန်းကို ဂုဏ်ယူဖွယ် အမှတ်အသားတစ်ခုအဖြစ် ခေတ်အဆက်ဆက်အမြတ်တနိုး ထိန်းသိမ်းကာကွယ်လာကြခြင်းဖြစ်သည်။

တောင်ဇလပ်ပန်းများစွာ ပေါက်ရောက်ရှင်သန်သည့် ချင်းပြည်နယ်တွင် ဒေသခံတိုင်းရင်းသားမျိုးနွယ်စုများက ဘာသာရေးအခမ်းအနားများနှင့် ပွဲတော်များတွင် အလှချိတ်ဆွဲရန် အပင်များခုတ်လှဲခြင်း၊ အကိုင်းအခက်များ ချိုးယူခြင်း၊ ဝိုင်ပြုလုပ်ခြင်း၊ ပြည်တွင်း၊ ပြည်ပ ခရီးသွားပြည်သူများက နှစ်သက်မြတ်နိုးမှုကို အကြောင်းပြကာ ပန်းပွင့်များခူးယူခြင်း၊ အကိုင်းအခက်များ ချိုးယူခြင်းတို့ကြောင့် တောင်ဇလပ်ပင်များမှာ အပင်ခြောက်သွေ့ပြီး ပျက်စီးမှုများဖြစ်လာခဲ့ပြီဖြစ်သည်။

တောင်ဇလပ်ပန်းများကို အရောင်လှသော၊ ရနံ့မွှေးသော၊ အရသာကောင်းမွန်သော တောင်ဇလပ်ဝိုင်အဖြစ် ဖန်တီးအသုံးပြုကြရာ လူကြိုက်များသော ဝိုင်တစ်မျိုးဖြစ်လာခဲ့သည်။ တောင်ဇလပ်ပန်းပွင့်များစွာကို ဆုံတွင်ထောင်းပြီး ကျန်ရှိသည့်အနှစ်များကို ဝိုင်အဖြစ်ပြုလုပ်ရခြင်းဖြစ်ရာ တောင်ဇလပ်ဝိုင်တစ်ပုလင်းရရှိနိုင်ရေး အပင်များစွာမှ ပန်းပွင့်များလိုအပ်သည်။ ထို့ကြောင့် တောင်ဇလပ်ပန်းပွင့်များရရှိနိုင်ရေးအတွက် နှစ်ရှည်အပင်ကြီးများနှင့်အပွင့်များသည့် အပင်များကို ခုတ်လှဲလေ့ရှိကြသည်။ တောင်ဇလပ်ဝိုင်ထုတ်လုပ်ခြင်းသည် အပင်များ ပျက်စီးပြုန်းတီးခြင်း၏ အကြောင်းရင်းတစ်ခုဖြစ်သည်။

### တောင်ဇလပ်ပင်များကို ဂုဏ်ယူဝင့်ကြွားစွာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည့် အပင်အမျိုးအစားအဖြစ် မှတ်ယူသင့်

တောင်ဇလပ်ပင်များကို ရေမဝပ်သည့်နေရာများတွင် စနစ်တကျ စိုက်ပျိုးထိန်းသိမ်းနိုင်ပါက အောင်မြင်ဖြစ်ထွန်း ရှင်သန်နိုင်သည်ဟု မှတ်သားရပါသည်။ တောင်ဇလပ်ပန်းသည် နှစ်ရှည်ပင်အမျိုးအစားတစ်ခုဖြစ်သည့်အားလျော်စွာ ပြန်လည်စိုက်ပျိုးနိုင်သော်လည်း အပင်ရှင်သန်ကြီးထွားရန်မှာ ခဲယဥ်းလှပါသည်။ ထို့အပြင် ချိုးယူထားသည့် တောင်ဇလပ်ပင် အကိုင်းအခက်များ ပြန်လည်စုံလင်ရန်မှာ အချိန်ကာလအားဖြင့် နှစ်နှစ်မှ လေးနှစ်အထိ ကြာမြင့်သည်ဟု သိရသည်။ ယခုအချိန်ထိ ချင်းတောင်တန်းဒေသများ၌ တောင်ဇလပ်ပန်းများ မရေတွက်နိုင်အောင် ပေါက်ရောက်နေဆဲဖြစ်သလို အပင်ငယ်များနှင့် ပျိုးပင်ငယ်များကိုလည်း မြင်တွေ့နေရဆဲဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် ရှားပါးစွာ တွေ့မြင်ရပြီး သဘာဝအတိုင်း ဖူးပွင့်ဝေဆာသည့် တောင်ဇလပ်ပန်းများ၏ အလှတရားများကို ဒေသခံတိုင်းရင်းသားများနှင့် ခရီးသွားပြည်သူများအားလုံးက ခူးယူရန်သာ စိတ်ကူးခြင်းမပြုဘဲ ဂုဏ်ယူဝင့်ကြွားစွာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည့် အပင်အမျိုးအစားအဖြစ် မှတ်ယူသင့်ပါသည်။

တောင်ဇလပ်ပင်များ ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက် လူသွားလူလာများသည့် နေရာများ၊ အဆောက်အအုံများတွင် အသိပညာပေးပိုစတာများ စိုက်ထူခြင်း၊ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များနှင့် ဒေသခံပြည်သူများအား စိတ်ဝင်စားဆွဲဆောင်စေမည့် တောင်ဇလပ်ပန်းဥယျာဥ်ခြံအဖြစ် စိုက်ပျိုးထိန်းသိမ်းခြင်းတို့ဖြင့် တောင်ဇလပ်ပန်း ပျက်စီးပြုန်းတီးမှုကို ကာကွယ်သင့်ပါသည်။

တောင်ဇလပ်ပန်းအဖြူ၏ပင်စည်ကို သွေးလိမ်းလျှင် ဝက်ခြံ၊ တင်းတိပ် စသောအရေပြားရောဂါများ သက်သာစေကြောင်း သိပ္ပံပညာရှင်များ၏ လေ့လာစမ်းစစ်ချက်များအရ သိရှိရပြီး ဂျပန်နိုင်ငံတွင်လည်း တောင်ဇလပ်ပန်းအနီ၊ ပန်းရောင်၊ အဖြူရောင်ရောစပ်လျက် Bonsai (ဘွန်ဇိုင်းသက်ကြီးပုပင်) နည်းပညာဖြင့် အလှစိုက်ပန်းအိုးအဖြစ် ဖန်တီးပြုလုပ်ကြကြောင်း လေ့လာသိရှိရသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနက ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာ ပုဒ်မ ၁၉ (ဂ) အရ မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသော သဘာဝအပင်များကို ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၁ ရက်နေ့က ထုတ်ပြန်ကြေညာထားသည်။ အဆိုပါသဘာဝအပင်စာရင်းတွင် တောင်ဇလပ် (ဖြူ၊ နီ၊ ဝါ) တောင်ဇလပ်နှင်းဆီ၊ မြန်မာဂျပ်ဆင်း၊ သစ်ခွနက်၊ ချင်းသစ်ခွနီ၊ ဘုမ္မရာဇာ၊ တောင်လုံးကျော်/ ဆာချီ၊ မြေပုစွန်ကွေးတို့ ပါဝင်သည်။

ယခုခေတ်တွင် တောင်ဇလပ်ပန်းများအပါအဝင် သဘာဝပန်းပင်များကို စီးပွားရေးအဖြစ် ရောင်းဝယ်ခြင်းများရှိလာကြပြီဖြစ်သည်။ မြန်မာနိုင်ငံ၌ ဆောင်းရာသီကာလရောက်တိုင်း တောင်ပေါ်ဒေသများကို အလှဆင်နေသည့် တောင်ဇလပ်ပန်းများကို ခရီးသွားပြည်သူများအနေဖြင့် ခူးဆွတ်လိုခြင်း၊ ပိုင်ဆိုင်လိုခြင်းမပြုလုပ်ဘဲ မျှဝေရန်သာ၊ အလှကြည့်ရုံသာဖြစ်သင့်ပါသည်။ တောင်ဇလပ်ပန်းများ ရှင်သန်ပေါက်ရောက်သည့် တောင်ပေါ်ဒေသများရှိ ပြည်သူများနှင့် ခရီးသွားပြည်သူများအနေဖြင့်လည်း တောင်ဇလပ်ပန်း၏ အလှတန်ဖိုး၊ ရှားပါးမှုတန်ဖိုးတို့ကို နားလည်သိရှိပြီး အပင်ခုတ်လှဲခြင်း၊ အကိုင်းအခက်များချိုးယူခြင်းနှင့် အပွင့်ခူးယူခြင်းများ မပြုလုပ်ကြဘဲ ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်သင့်ပါသည်။ ထို့ကြောင့် ချင်းတိုင်းရင်းသားများက အမြတ်တနိုးတန်ဖိုးထားသည့် 'တောင်ဇလပ်ပန်းများ' ထာဝစဥ်ရှင်သန်ပွင့်လန်းဝေဆာနိုင်စေရေးအတွက် သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးသည့် ပြည်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကာကွယ် စောင့်ရှောက်သင့်ပါကြောင်း တိုက်တွန်းရေးသား တင်ပြလိုက်ရပါသည်။ ။

## ဒုတိယဝန်ကြီး ဦးရဲတင့် အင်းစိန်မြို့နယ်ရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ပုံနှိပ်စက်ရုံ၊ အောင်ဆန်းပုံနှိပ်စက်ရုံနှင့် ဂျီတီစီ ပုံနှိပ်စက်ရုံများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၇**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယမန်နေ့မွန်းလွဲပိုင်းက အင်းစိန်မြို့နယ်ရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ပုံနှိပ်စက်ရုံ၊ အောင်ဆန်းပုံနှိပ်စက်ရုံနှင့် ဂျီတီစီ ပုံနှိပ်စက်ရုံများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကျောင်းသုံးစာအုပ်များ၊ ဌာနဆိုင်ရာများမှအပ်နှံသည့် ပုံနှိပ်လုပ်ငန်းများ ပုံနှိပ်ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပုံနှိပ်အရည်အသွေး ကောင်းမွန်ရေး၊ ကုန်ကြမ်းပစ္စည်းများ အလေအလွင့်မရှိစေရေး၊ ပုံနှိပ်လုပ်ငန်းများ အချိန်မီပြီးစီးရေး၊ စက်ပစ္စည်းများမပျက်စီးအောင် စနစ်တကျကိုင်တွယ်အသုံးပြုရေးနှင့် ကြံ့ခိုင်မှုပုံမှန်ထိန်းသိမ်းခြင်းနှင့် စစ်ဆေးခြင်းများပြုလုပ်ရေး၊ လုပ်ငန်းခွင်အန္တရာယ်မဖြစ်ပေါ်စေရေးတို့ကို မှာကြားသည်။

ထို့နောက် ပစ္စည်းသိုလှောင်ခန်းများကို ကြည့်ရှုစစ်ဆေးပြီး ကုန်ကြမ်းပစ္စည်းများ စနစ်တကျ တွက်ချက်ဝယ်ယူရေး၊ နှစ်ကြာမြင့်စွာ သိုလှောင်သိမ်းဆည်းထားခြင်းမျိုးမဟုတ်ဘဲ စောစီးစွာရောက်နေသည့် ကုန်ကြမ်းများကို ဦးစားပေး အသုံးပြုနိုင်ရေး၊ ကုန်ကြမ်းများ၊ ပျက်စီးလေလွင့်မှုမရှိစေရေး၊ မီးဘေးအန္တရာယ် သတိပြုရေးနှင့် စက်ရုံလုံခြုံရေးကို ဂရုပြုရန်တို့ကို မှာကြားခဲ့သည်။

**သတင်းစဉ်**



ဒုတိယဝန်ကြီး ဦးရဲတင့် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ပုံနှိပ်စက်ရုံတွင် ကျောင်းသုံးပုံနှိပ်စာအုပ်များ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

## ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဝင်းဖေ ဖွင့်ပွဲ/ ပိတ်ပွဲအခမ်းအနား ပြင်ဆင်မည့်နေရာများနှင့် အိပ်ဆောင်များ ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၇**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေနှင့် တာဝန်ရှိသူများသည် ယနေ့မွန်းလွဲပိုင်းတွင် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်



ဖွင့်ပွဲ/ ပိတ်ပွဲအခမ်းအနား ကျင်းပမည့်နေရာများ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများနှင့် ဒိုင်/ဂျူရီများ တည်းခိုနေထိုင်မည့် အိပ်ဆောင်များ ပြုပြင်မွမ်းမံဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဖွင့်ပွဲ/ ပိတ်ပွဲအခမ်းအနားတွင် နိုင်ငံတော်အကြီးအကဲများ တက်ရောက်ကြည့်ရှုအားပေးမည့် နေရာထိုင်ခင်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ အားကစားပွဲတော်ကာလအတွင်း လျှပ်စစ်မီးများ မပြတ်တောက်စေရေးအတွက် အရန်မီးစက်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေ၊ အားကစား လေ့ကျင့်ရေးစခန်း (Gold Camp) Cluster-4 ရှိ ဒိုင်/ဂျူရီများ တည်းခိုနေထိုင်မည့် အိပ်ဆောင်များ ပြုပြင်မွမ်းမံဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ဖွင့်ပွဲ/ ပိတ်ပွဲအခမ်းအနားကို ခမ်းခမ်းနားနားဖြင့် အောင်မြင်စွာကျင်းပနိုင်ရေး၊ အခမ်းအနားပြင်ဆင်ရာတွင် လစ်ဟင်းမှုများ၊ လိုအပ်ချက်များမရှိစေရေးအတွက် တာဝန်ရှိသူများက ဂရုတစိုက်စစ်ဆေးကြပ်မတ်သွားရန် လိုကြောင်း၊ နိုင်ငံတော်အလံနှင့် အမျိုးသား အားကစားပွဲတော်အလံ လွှင့်တင်မည့် အလံစင်ခိုင်ခံ့မှုရှိစေရေး ဆောင်ရွက်သွားရန်၊ ဖွင့်ပွဲ/ ပိတ်ပွဲ အခမ်းအနားတွင် နိုင်ငံတော်အကြီးအကဲများ တက်ရောက်ကြည့်ရှုအားပေးမည့် နေရာထိုင်ခင်းများ ခိုင်ခံ့မှုရှိစေရေးနှင့် စနစ်တကျ သန့်ရှင်းသပ်ရပ်မှုရှိစေရေး ဆောင်ရွက်သွားရန်၊ အားကစားပွဲတော်ကာလအတွင်း ဒိုင်/ဂျူရီများ တည်းခိုနေထိုင်မည့် အိပ်ဆောင်များ သန့်ရှင်းသပ်ရပ်မှုရှိစေရေးအတွက် လိုအပ်သည်များကို ဝိုင်းဝန်းပူးပေါင်း၍ ကြိုတင်ပြင်ဆင် ဆောင်ရွက်သွားရန်နှင့် လိုအပ်ချက်များရှိပါက အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**သတင်းစဉ်**

## ပုသိမ်မြို့၌ အခြေခံပညာအထက်တန်းအဆင့် ဆရာများ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်

**ပုသိမ် နိုဝင်ဘာ ၇**

ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် Grade-11 နှင့် Grade-12 ဆရာများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း အမှတ်စဉ်(၁) ဖွင့်ပွဲကို နိုဝင်ဘာ ၄ ရက်က ပုသိမ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းနိုင်နှင့် တိုင်းဒေသကြီး ဥပဒေချုပ်တို့က သင်တန်းဖွင့်ရခြင်းနှင့်ပတ်သက်၍ ဆရာ ဆရာမများအနေဖြင့် ဥပဒေ၏ အခြေခံသဘောတရားများကို ကောင်းမွန်စွာ သိရှိနားလည်ပြီး အခြေခံပညာကျောင်းများကို ပြန်လည်သင်ကြားပြသနိုင်စေရန်သာ ဖြစ်ကြောင်း ရှင်းလင်းပြောကြားကြသည်။

အဆိုပါသင်တန်းကို နိုဝင်ဘာ ၄ ရက်မှ ၁၃ ရက်အထိ ခရိုင်အဆင့် အထက်တန်းသင် ဆရာ ဆရာမ ၁၅၀ အား ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**




## စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

**သထုံ နိုဝင်ဘာ ၇**

မွန်ပြည်နယ် သထုံမြို့နယ်၌ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို ယမန်နေ့က နောင်ကုလားကျေးရွာရှိ နောင်ကုလားရှမ်းရွာ အခြေခံပညာအထက်တန်းကျောင်း နဝရတ်ခန်းမ၌ ကျင်းပသည်။



နောင်ကုလားရှမ်းရွာ အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်တင်တင်ထွေးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက လူငယ်စကားဝိုင်းပြုလုပ်ပေးရသည့် ရည်ရွယ်ချက်ကို ဆွေးနွေးပြောကြားသည်။

စကားဝိုင်းတွင် GRADE-10 ကျောင်းသူတစ်ဦးက အစီအစဉ်တင်ဆက်သူအဖြစ် ဆောင်ရွက်ပြီး GRADE-10 နှင့် GRADE -11 ကျောင်းသား ကျောင်းသူ လေးဦးတို့က လူငယ်နှင့်ကိုယ်ကျင့်တရား၊ လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး၊ လူငယ်နှင့် စာဖတ်ခြင်း၊ လူငယ်နှင့် ပရဟိတစိတ်ဓာတ်ခေါင်းစဉ်တို့ဖြင့် ၎င်းတို့ဖတ်ရှုလေ့လာထားသည့် စာရေးသူ၏ ဆိုလိုရင်းနှင့် ၎င်းတို့၏ အတွေ့အကြုံများ၊ အတွေးအခေါ်များတို့ကို ကျယ်ကျယ်ပြန့်ပြန့် မျှဝေဆွေးနွေးကြရာ အစီအစဉ်တင်ဆက်သူက ပြန်လည်ဖြည့်စွက် ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မြစ်ကြီးနားမြို့နယ် လူမှုဖူလုံရေးရုံး၌ အမြဲတမ်းမသန်စွမ်းမှု အကျိုးခံစားခွင့်ပေးအပ်

**မြစ်ကြီးနား နိုဝင်ဘာ ၇**

အာမခံအလုပ်သမားများ၏ အမြဲတမ်း မသန်စွမ်းမှုနှင့်ဆိုင်သည့် ငွေလုံးငွေရင်း အကျိုးခံစားခွင့်နှင့် နာမကျန်းမှု၊ မီးဖွားမှုတို့နှင့် ဆိုင်သည့် ဆေးဖိုးပြန်လည်ပေးအပ်ပွဲအခမ်းအနားကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် လူမှုဖူလုံရေးရုံးခန်းမ၌ နိုဝင်ဘာ ၅ ရက် နံနက် ၁၀ နာရီက ကျင်းပရာ ပြည်နယ်လူမှုဖူလုံရေးရုံးမှ ပြည်နယ်တာဝန်ခံအရာရှိ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်မြတ်မွန်မိုးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သက်ဆိုင်ရာ တာဝန်ရှိသူများက TMH TELE-COM PUBLIC CO.,LTD. မှ အာမခံ အလုပ်သမား ဦးဆယ်မြို့ရယ် မျိုးလတ်အောင်၏ အမြဲတမ်း မသန်စွမ်းမှုနှင့် ဆိုင်သည့် ငွေလုံးငွေရင်း အကျိုးခံစားခွင့် ငွေကျပ် ၆၁၇၄၀၀၀ ကို လည်းကောင်း၊ DGB MICRO-FINANCE CO.,LTD. မှ အာမခံ အလုပ်သမား ဒေါ်နွေးရတနာဦး အား မီးဖွားမှုနှင့်ဆိုင်သည့် ဆေးဖိုးကျသင့်ငွေကျပ် ၅၅၀၀၀၀ ကို လည်းကောင်း၊ ILBC ကျောင်းမှ အာမခံအလုပ်သမား ဒေါ်နော်ဆဲ့ခူးဝါးအား မီးဖွားမှုနှင့်ဆိုင်သည့် ဆေးဖိုးကျသင့် ငွေကျပ် ၅၅၀၀၀၀ ကို လည်းကောင်း၊ မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အာမခံအလုပ်သမား ဦးစောခွန်ထိုက်၏ နာမကျန်းမှုနှင့် ဆိုင်သည့် ဆေးဖိုး ကျသင့်ငွေကျပ် ၅၀၁၂၂၀ ကို လည်းကောင်း ခွင့်ပြုထုတ်ပေးခဲ့ကြကြောင်း သိရသည်။




**ခရိုင်(ပြန်/ဆက်)**

# မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့မှ နေပြည်တော်ရှိ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာသို့ ငွေကျပ်သန်း ၂၀ လှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၇

နေပြည်တော်ရှိ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ၌ နားခိုလျက်ရှိကြသည့် တပ်မတော်သားအငြိမ်းစားများနှင့် မိသားစုဝင်ဘိုးဘွားများအတွက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ကရုဏာကမ္ဘာဘိုးဘွားရိပ်သာသို့ သွားရောက်၍ ငွေကျပ်သန်း ၂၀ ပေးအပ်လှူဒါန်းကြသည်။

ထိုသို့လှူဒါန်းရာတွင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း(ငြိမ်း) က တပ်မတော်သားဖြစ်ခဲ့သူတစ်ဦးအနေဖြင့် သက်ကြီးရွယ်အိုစစ်မှုထမ်းဟောင်းများအား ယခုကဲ့သို့ စောင့်ရှောက်နေသည့် မွန်မြတ်လှသော ပရဟိတလုပ်ငန်းကြီး ဖြစ်တည်လာရခြင်းကို အလွန်ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် စွန့်လွှတ်စွန့်စားသူများ၏ ကွန်းခိုရာကရုဏာကမ္ဘာဘိုးဘွားရိပ်သာ အခွန့်ရှည်တည်မြဲရေးအတွက် နှစ်စဉ်လှူဒါန်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လှူဒါန်းငွေများအား မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌက ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်သိန်းထွန်း(ငြိမ်း)ထံသို့ ပေးအပ်လှူဒါန်းပြီး တာဝန်ရှိသူများက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်




# ကမ္ဘောဇဘဏ်က ၂၀၂၄ ရေဘေးဒဏ်သင့် စာသင်ကျောင်းများ ပြန်လည်ဆောက်လုပ်ရန် ငွေကျပ်သိန်း ၁၇၀၄၀ လှူဒါန်းပြီးဖြစ်

နေပြည်တော် နိုဝင်ဘာ ၇

ကမ္ဘောဇဖောင်ဒေးရှင်း နာယက ဦးဆောင်သောအဖွဲ့က နိုဝင်ဘာ လပထမပတ်တွင် အင်းလေးဒေသ အနောက်ဘက်ခြမ်း ရွာသာအေး ဘုန်းတော်ကြီးကျောင်း၌ သဘာဝ ဘေးသင့် ပြည်သူများအတွက် စားနပ်ရိက္ခာ၊ အသုံးအဆောင်များနှင့် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ ကျင်းပသည်။

အခမ်းအနားတွင် ကလော မြို့နယ် အခြေခံပညာ အလယ်တန်းကျောင်း ညောင်းကုန်း (ပလောင်)အတွက် ငွေကျပ်သိန်း ၃၆၀၀၊ လွယ်လင်မြို့နယ်မှ အင်ခစ် မူလတန်းလွန်ကျောင်းအတွက် ငွေကျပ် သိန်း ၁၄၄၀၊ ရှမ်းပြည်နယ်အတွင်း မူလတန်းကျောင်း လေးကျောင်း အသစ်ပြန်လည်တည်ဆောက်ရန်အတွက် ငွေကျပ် သိန်း ၁၀၀၀၀ အပါအဝင် ငွေကျပ်သိန်း ၁၅၀၄၀ လှူဒါန်းခဲ့သည်။ (အပေါ်ပုံ)

အောက်တိုဘာ ၁၂ ရက်က လည်း ရေဘေးဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သော အင်းလေးဒေသ မင်းရွာမူလတန်းကျောင်း ပြန်လည်ပြုပြင်ရန်အတွက် ငွေကျပ်သိန်း ၂၀၀၀ ကို လှူဒါန်းခဲ့သည်။

ကမ္ဘောဇဘဏ်သည် ၂၀၂၄ ခုနှစ် ရေဘေးဒဏ်သင့် စာသင်ကျောင်းများ ပြန်လည်ဆောက်လုပ်ရန် စုစုပေါင်းငွေကျပ်သိန်း ၁၇၀၄၀ လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မျိုးမင်းအောင်(ပြန်/ဆက်)



# ရန်ကုန်တိုင်းဒေသကြီးရှိ အဆင့်မြင့်ပညာကျောင်းများ၊ နိုင်ငံတကာသင်ရိုးသင်ကျောင်းများနှင့်ပတ်သက်၍ ထပ်ဆင့်ရှင်းလင်းပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၇

ရန်ကုန်တိုင်းဒေသကြီး ကိုယ်ပိုင်(သို့မဟုတ်) ပုဂ္ဂလိကကျောင်းကြီးကြပ်ရေးအဖွဲ့နှင့် အဆင့်မြင့်ပညာကျောင်းများ၊ နိုင်ငံတကာသင်ရိုးသင်ကျောင်းများ လုပ်ငန်းညှိနှိုင်း ထပ်ဆင့်ရှင်းလင်းပွဲကို နိုဝင်ဘာ ၆ ရက်က ကမာရွတ်မြို့နယ်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ထပ်ဆင့်ရှင်းလင်းပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ကိုယ်ပိုင်(သို့မဟုတ်) ပုဂ္ဂလိကကျောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပုဂ္ဂလိကကျောင်း တည်ထောင်သူများ၊ ကျောင်းအုပ်ကြီးများနှင့် တာဝန်ခံများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသ ကြီး ကိုယ်ပိုင် (သို့မဟုတ်) ပုဂ္ဂလိကကျောင်းကြီးကြပ်ရေးအဖွဲ့ဝင် ရန်ကုန်အဝေးသင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ နုနုရီက အဆင့်မြင့်ပညာကျောင်းများ၊ နိုင်ငံတကာသင်ရိုးသင်ကျောင်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက်၂၀၂၄ ခုနှစ် အောက်တိုဘာ ၃၀ ရက်က ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ပြုလုပ်သော အစည်းအဝေး၏ လမ်းညွှန်ချက်များကို ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု တက်ရောက်ခဲ့သည့် ကျောင်း ငါးကျောင်းအနက်မှ SKT International School ကျောင်း တည်ထောင်သူ ဒေါက်တာအောင်ကျော်ဆန်းက ရှင်းလင်းတင်ပြပြီး ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူး ဒေါက်တာ ချိုချိုမြတ်အောင်က ဖြည့်စွက်တင်ပြသည်။

ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းတင်ပြဆွေးနွေးကြသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ၂၀၂၄ – ၂၀၂၅ ပညာသင်နှစ်တွင် ဖွင့်လှစ်ခွင့်ရရှိသော ကောလိပ်နှင့် International Schools ကျောင်းပေါင်း ၁၅၈ ရှိကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

**သစ်ပင်နည်းလာ၊ တို့ကမ္ဘာ လွန်စွာပူအေး၊ ဥတုဘေး**

# ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့တွင် သွားရောက်အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ပို့ဆောင်

ရန်ကုန် နိုဝင်ဘာ ၇

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင်ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက်တန်ဖိုးထားသည့် အနေဖြင့် မည်သို့သောအခြေအနေနှင့်တွေ့ကြုံရသည်ဖြစ်စေ မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာသံရုံးသည် သက်ဆိုင်ရာနိုင်ငံသံရုံးများနှင့် ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံး အေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့တွင် သွားရောက်အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မမေသကြိန်အောင်အား အမိနိုင်ငံသို့ အမြန်ဆုံး ပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာကောင်စစ်ဝန်ချုပ်ရုံး အနေဖြင့် အလုပ်ရှင်၊ အေးဂျင့်များ၊ အလုပ်အကိုင်ရှာဖွေရေးစင်တာများနှင့် ညှိနှိုင်းဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ရာ မြန်မာနိုင်ငံသူ မမေသကြိန်အောင်သည် နိုဝင်ဘာ ၆ ရက်တွင် ဒူဘိုင်း – ချန်ဒူး – ဘန်ကောက်– ရန်ကုန် ခရီးစဉ်ဖြင့် ယနေ့ည ၉ နာရီ ၃၅ မိနစ်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပ၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများကို မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာသံရုံးတို့မှ ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ယခုကဲ့သို့ အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုကို အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာသံရုံးတို့အား လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။



ညိမ်းသူ(သတင်းစဉ်)

ဓာတ်ပုံ – ကနူး

# မန္တလေးမြို့တွင် ပြည်သူ့စစ်မှုထမ်းအတွက် ဖမ်းဆီးခြင်းများရှိနေပြီး အမည်စာရင်းပါသူများက ငွေကျပ်သိန်းဆယ်နှင့်ချီ ပေးနေရကြောင်း သတင်းတု၊ သတင်းအမှားများ လှုံ့ဆော်ဝါဒဖြန့်ဝေလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၇

မန္တလေးမြို့တွင် ပြည်သူ့စစ်မှုထမ်း အမှတ်စဉ် ၇ အတွက် လူသစ်ထပ်ခေါ်ခြင်းနှင့် လမ်းမပေါ်၌ ဖမ်းဆီးခြင်းများရှိနေပြီး အမည်စာရင်းပါသူများက ငွေကျပ်သိန်းဆယ်နှင့်ချီ ပေးနေရကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လှုံ့ဆော်ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ မန္တလေးမြို့မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးပူးပေါင်းအဖွဲ့များက မန္တလေးမြို့အတွင်း ပြည်သူများအေးချမ်းစွာ လုပ်ကိုင်နေထိုင်နိုင်ရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးဆိုင်ရာ လုပ်ငန်းများကို ထုတ်ပြန်ထားပြီး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပုံမှန်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းများကြောင့် အကြမ်းဖက်သမားများ လွယ်ကူစွာ ဝင်ထွက်သွားလာနိုင်ခြင်းမရှိသဖြင့် အကြမ်းဖက်အားပေး တရားမဝင်ပြည်ဖျက်မီဒီယာများက ယခုကဲ့သို့အခြေအမြစ်မရှိသည့် သတင်းဓာတ်ပုံများဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများအထင်အမြင်လွဲမှားစေရန် လုပ်ကြံရေးသားနေခြင်းဖြစ်ကြောင်း သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများသည် ပြည်သူ့စစ်မှုထမ်းဥပဒေ စတင်အာဏာတည်သည့်နေ့မှစ၍ ပြည်သူ့စစ်မှုထမ်းဆောင်ရန် အကျုံးဝင်သည့် ပြည်သူများကို ဖမ်းဆီးခြင်း၊ လမ်းသွားလမ်းလာများကို ပေါ်တာဆွဲခြင်းနှင့် ငွေကြေးများကောက်ခံခြင်းစသည့် သတင်းတု၊ သတင်းအမှားများကို ပြည်သူများအထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ဝါဒဖြန့်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ၂၀၂၄ အမေရိကန်သမ္မတရွေးကောက်ပွဲ အနိုင်ရရှိပြီးနောက် ထရမ့်၏အသွင်ကူးပြောင်းရေးအဖွဲ့ လုပ်ငန်းတာဝန်များကို စတင်လုပ်ဆောင်

ဝါရှင်တန် နိုဝင်ဘာ ၇

**မစ္စတာ ဒေါ်နယ်ထရမ့်သည် ၂၀၂၄ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ပြိုင်ဘက်ဖြစ်သူ ဒီမိုကရက်တစ်ပါတီသမ္မတလောင်း ကာမလာ ဟားရစ်ကို အနိုင်ရရှိပြီးနောက် ၎င်း၏အသွင်ကူးပြောင်းရေး အဖွဲ့သည် လုပ်ငန်းတာဝန်များ စတင်လုပ်ဆောင်နေပြီဖြစ်သည်။**

အမေရိကန်သမ္မတရွေးကောက်ပွဲ၌ ဒုတိယ သမ္မတ ကာမလာ ဟားရစ်ကို အနိုင်ရရှိခဲ့ကြောင်း နိုဝင်ဘာ ၆ ရက်က ကြေညာပြီးနောက် မစ္စတာ ထရမ့်ကို လူထုရှေ့တွင် မမြင်တွေ့ရသေးချေ။

အခြားကမ္ဘာ့နိုင်ငံခေါင်းဆောင်များက ထရမ့်၏ ရွေးကောက်ပွဲအနိုင်ရရှိခြင်းအပေါ် ဖုန်းဆက်ပြီး ဂုဏ်ပြုစကားပြောကြားနေခြင်းများကို မစ္စတာ ထရမ့်အနေဖြင့် ပြန်လည်ဖြေကြားနေရသည့် အတွက် မအားမလပ်ဖြစ်နေသည်ဟု အေပီသတင်း အေဂျင်စီက ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စုတွင် ရွေးကောက်ပွဲ ပြီးဆုံးပြီးနောက် သမ္မတအသွင်ကူးပြောင်းရေးအဖွဲ့ ကို ဖွဲ့စည်းသည်။ ဇန်နဝါရီ ၂၀ ရက်အထိ သမ္မတ ကျမ်းသစ္စာကျိန်ဆိုပွဲကာလအတွင်း အဆိုပါအသွင် ကူးပြောင်းရေးအဖွဲ့သည် အစိုးရဝန်ကြီးအဖွဲ့များ အပါအဝင် အရေးကြီးသည့် ရာထူးခန့်အပ်မှုအစီအမံ များကို လုပ်ဆောင်ပေးပြီး တက်လာမည့်အစိုးရအဖွဲ့ ၏ မူဝါဒများကို တစ်စုတစ်စည်းတည်း ပေါင်းစည်း ပေးသည်။

ထရမ့်၏ ရွေးကောက်ပွဲအောင်နိုင်ရေးအဖွဲ့သည် မဲရုံပိတ်ပြီးနောက် ၁၂ နာရီအကြာတွင် အသွင် ကူးပြောင်းရေးစနစ်ကို စတင်ခဲ့ကြောင်း The Politico ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

အသွင်ကူးပြောင်းရေးအဖွဲ့ကို ဟောဝ့ါဒ်လုခ် နစ်ခ်က ဦးဆောင်ခဲ့ပြီး ၎င်းသည် မစ္စတာထရမ့်နှင့် ကွန်ဆာဗေးတစ်ဉာဏ်ကြီးရှင် ခေါင်းဆောင်ဖြစ်သူ လင်ဒါ မက်မာဟွန်၏သူငယ်ချင်းတစ်ဦးလည်းဖြစ် သကဲ့သို့ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးလည်းဖြစ် ကြောင်း The Politico ဝက်ဘ်ဆိုက်တွင် ဆက်လက် ဖော်ပြထားသည်။




နိုဝင်ဘာ ၆ ရက်တွင် တက်စလာ အမှုဆောင် အရာရှိချုပ် ဘီလျံနာ စီးပွားရေးလုပ်ငန်းရှင် အီလွန်မာ့ခ်နှင့် ဖောက်စ်သတင်းဌာနအစီအစဉ် တင်ဆက်သူဟောင်း တွတ်ခါကာလ်ဆန်တို့သည် ဖလော်ရီဒါပြည်နယ်ရှိ ထရမ့်၏ နေအိမ်တွင် အတူတကွရှိနေခဲ့ကြောင်း The Politico ဝက်ဘ်ဆိုက်က ထပ်မံဖော်ပြထားသည်။

ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ

# လေထုညစ်ညမ်းမှုကြောင့် အမှိုက်မီးရှို့မှုများကို အိန္ဒိယအစိုးရက ဒဏ်ငွေနှစ်ဆတိုး

**နယူးဒေလီ နိုဝင်ဘာ ၇**

အိန္ဒိယနိုင်ငံ၏ ဖက်ဒရယ်အစိုးရ သည် လေထုအရည်အသွေး ပိုမို ဆိုးရွားလာမှုကို ကိုင်တွယ်ဖြေရှင်း ရန်အတွက် မြို့တော်ဒေလီနှင့် ဆက်စပ်ဒေသများရှိ အမှိုက်မီးရှို့မှု များကို ဒဏ်ကြေး နှစ်ဆတိုးမြှင့် လိုက်ကြောင်း တာဝန်ရှိသူများက နိုဝင်ဘာ ၇ ရက်က ပြောကြား သည်။

သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ သစ်တောနှင့် ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ အမှိုက်မီးရှို့ခြင်းအတွက် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ဒဏ်ကြေး ငွေကောက်ခံခြင်းနှင့် အသုံးချ ခြင်းဆိုင်ရာ စည်းမျဉ်းသစ်များကို လည်း ပြဋ္ဌာန်းသွားမည်ဖြစ် သည်။

စည်းမျဉ်းသစ်အရ ကောက်ရိုး နှင့် အမှိုက်မီးရှို့မှုများအတွက် လယ်မြေ နှစ်ဧကအောက် လယ် သမားများကို အိန္ဒိယရူပီး ၅၀၀၀ (အမေရိကန်ဒေါ်လာ ၅၉ ဒေါ်လာ) ပေးဆောင်ရမည်ဖြစ်ကြောင်း၊လယ် နှစ်ဧကမှ ငါးဧကရှိသူများအား အိန္ဒိယရူပီး ၁၀၀၀၀ နှင့် ငါးဧက အထက်ရှိသူများက ရူပီး ၃၀၀၀၀ ပေးဆောင်ရမည်ဖြစ်ကြောင်း သိရ သည်။ ယခင်က ဒဏ်ငွေ အိန္ဒိယ ရူပီး ၂၅၀၀၊ ၅၀၀၀ နှင့် ၁၅၀၀၀ စီသာ ပေးဆောင်ခဲ့ရသည်။



အိန္ဒိယနိုင်ငံ၌ လယ်သမားတစ်ဦးက အမှိုက်များ မီးရှို့နေသည်ကို တွေ့ရစဉ်။

နယူးဒေလီသည် ကမ္ဘာပေါ် တွင် လေထုအညစ်ညမ်းဆုံးမြို့ များထဲမှ တစ်ခုဖြစ်သည်။ စက်မှု လုပ်ငန်းများ၊ ယာဉ်အသွားအလာ များပြားခြင်းနှင့် ဆောက်လုပ်ရေး လုပ်ငန်းများကြောင့် မြို့တော် အတွင်း လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေလျက်ရှိသည်။ ပြီးခဲ့ သောနှစ်များအတွင်း ဒေလီရှိ လေထုအရည်အသွေးသည် ဆောင်း ရာသီမတိုင်မီ ကတည်းကပင် အန္တရာယ်ရှိသည့် အခြေအနေ အထိ ဖြစ်လာခဲ့သည်။

အနီးအနားရှိ ပန်ဂျပ်နှင့် ဟာယာနာ ပြည်နယ်များတွင် အမှိုက်မီးရှို့ခြင်းမှ ဓာတ်ငွေ့ ထုတ်လွှတ်မှု မြင့်တက်လာခြင်း ကြောင့် လေထုညစ်ညမ်းမှု ဘေးကင်းလုံခြုံမှုအဆင့် ကန့်သတ် ချက်ထက် များစွာကျော်လွန်လျက် ရှိကြောင်း သိရသည်။

ဆင်ဟွာ

# ရွှေ့ပြောင်းနေထိုင်သူ ၁၆၆ ဦးကို လစ်ဗျားမှ နိုင်ဂျီးရီးယားသို့ နယ်နှင်ဒဏ်ပေး

**ထရီပိုလီ နိုဝင်ဘာ ၇**

ရွှေ့ပြောင်းနေထိုင်သူ ၁၆၆ ဦးကို မကြာသေးမီအချိန်အတွင်းက လစ်ဗျားမှ ၎င်းတို့၏နေရပ်ဖြစ်သည့် နိုင်ဂျီးရီးယားသို့ နယ်နှင်ဒဏ်ပေး ခဲ့သည်ဟု အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းနေထိုင်သူများ အဖွဲ့အစည်း က နိုဝင်ဘာ ၆ ရက်တွင် ပြောသည်။

ယခုသီတင်းပတ်အတွင်း ရွှေ့ပြောင်းနေထိုင်သူ ၁၆၆ ဦးကို လစ်ဗျား နိုင်ငံ ဆပ်ဟာမြို့မှ နိုင်ဂျီးရီးယားနိုင်ငံ လာဂို့စ်သို့ လုံခြုံစိတ်ချရသည့် နေရပ်ပြန်လည်ပို့ဆောင်မှုပြုလုပ်ခဲ့သည်ဟု အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းနေထိုင်သူများအဖွဲ့အစည်းက ပြောသည်။

ယခုနှစ်အထိ လစ်ဗျားကမ်းရိုးတန်း၌ ရွှေ့ပြောင်းနေထိုင်သူ ၁၉၂၉၅ ဦးကို ကြားဖြတ်ဟန့်တားနိုင်ခဲ့ပြီး ရွှေ့ပြောင်းနေထိုင်သူ ၅၆၈ ဦး သေဆုံးကာ လစ်ဗျားကမ်းလွန်ပင်လယ်ပြင်တွင် ပျောက်ဆုံးသွားသူ ၇၈၃ ဦး ရှိသည်ဟု အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းနေထိုင်သူများ အဖွဲ့အစည်းက ပြောသည်။

ဆင်ဟွာ

# ဂျပန်နိုင်ငံ၏ ကလေးမွေးဖွားမှုနှုန်း ၂၀၂၄ ခုနှစ်အတွင်း ပထမဆုံးအကြိမ် ၇၀၀၀၀၀ အောက် ကျဆင်းဖွယ်ရှိ

**တိုကျို နိုဝင်ဘာ ၇**

ဂျပန်နိုင်ငံ၌ ဇန်နဝါရီလမှ ဇွန်လအထိ ကလေး ၃၃၀၀၀၀ မွေးဖွားခဲ့သည် ဟု ဂျပန်အစိုးရ၏စစ်တမ်းအရ သိရသည်။ အဆိုပါအရေအတွက်မှာ တစ်နှစ်အတွင်း ကလေးမွေးဖွားမှု ပထမဆုံးအကြိမ်အဖြစ် ၇၀၀၀၀၀ အောက်ကျဆင်းသွားဖွယ်ရှိသည်ဟု ခန့်မှန်းထားသည်။ ကျန်းမာရေး ဝန်ကြီးဌာနသည် နိုဝင်ဘာ ၅ ရက်တွင် လူဦးရေစာရင်းကို ထုတ်ပြန်ခဲ့ သည်။

ယခုနှစ်ပထမနှစ်ဝက်အတွက် ခန့်မှန်းခြေ ကလေးမွေးဖွားမှုမှာ နိုင်ငံခြားသားများအပါအဝင် ၃၂၉၉၉၈ ဦးရှိသည်။ အဆိုပါပမာဏမှာ လွန်ခဲ့သည့်နှစ်ကနှင့် နှိုင်းယှဉ်လျှင် ၆ ဒသမ ၃ ရာခိုင်နှုန်းကျဆင်းသွားခြင်း ဖြစ်သည်။ ၂၀၁၄ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၃၀ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းသွားခြင်းဖြစ်သည်။ ၂၀၂၃ ခုနှစ်အတွင်း မွေးဖွားသည့်ကလေး ဦးရေ ၇၂၇၂၈၈ ဦးရှိသည်။ယင်းအရေအတွက်သည် ၁၈၉၉ ခုနှစ် ကလေး မွေးဖွားမှုနှုန်း စာရင်းစတင်ကောက်ယူသည့်အချိန်မှစတင်ကာ အနိမ့်ဆုံး ပမာဏဖြစ်သည်ဟု သိရသည်။ လက်ရှိနှုန်းများအရ ယခုနှစ်အတွင်း ကလေးမွေးဖွားမှုနှုန်းမှာ ၇၀၀၀၀၀ အောက် ကျဆင်းသွားဖွယ်ရှိသည်။

အင်န်အိတ်ချ်ကေ



# အက်ဖ်-၁၅ တိုက်လေယာဉ် ၂၅ စင်းဝယ်ယူရန် အမေရိကန်ဒေါ်လာ ၅ ဒသမ ၂ ဘီလီယံတန်စာချုပ် အစ္စရေး ချုပ်ဆို

**ဂျေရုဆလင် နိုဝင်ဘာ ၇**

အက်ဖ်-၁၅ တိုက်လေယာဉ် ၂၅ စင်းဝယ်ယူရန် အမေရိကန်အခြေစိုက် ဘိုအင်းကုမ္ပဏီနှင့် အမေရိကန် ဒေါ်လာ ၅ ဒသမ ၂ ဘီလီယံတန် စာချုပ် ချုပ်ဆိုခဲ့သည်ဟု အစ္စရေးကာကွယ် ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ယခုလိုသဘောတူစာချုပ် ချုပ်ဆိုခြင်း သည် ယခုနှစ်အစောပိုင်းအတွင်း အမေရိကန် အစိုးရနှင့် လွှတ်တော်တို့ ခွင့်ပြုပေးထားသည့် ထောက်ပံ့ရေးအစီအစဉ်၏ အစိတ်အပိုင်း တစ်ခုဖြစ်ကြောင်း အစ္စရေးကာကွယ်ရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အမေရိကန်အစိုးရ၊ ဘိုအင်းကုမ္ပဏီတို့ နှင့် နိုဝင်ဘာ ၆ ရက်က အပြီးသတ်ချုပ်ဆိုခဲ့ သော အဆိုပါသဘောတူညီချက်တွင် ပိုမို သွားလာနိုင်သည့်အကွာအဝေးနှင့် စွမ်းရည် မြှင့်တင်ထားမှုတို့ပါဝင်သည့် အစ္စရေး လက်နက်စနစ်များ ပေါင်းစပ်တပ်ဆင်ထား သည့် အက်ဖ်-၁၅ အေအိုင်တိုက်လေယာဉ်များ ပေးပို့ခြင်းတို့ပါဝင်သည်။

စာချုပ်ချုပ်ဆိုခြင်း၏ အားသာချက်များ မှာ အရှေ့အလယ်ပိုင်းဒေသ၌ လက်ရှိနှင့် အနာဂတ်စိန်ခေါ်မှုများကို ဖြေရှင်းရာတွင် သာလွန်ကောင်းမွန်မှုကိုထိန်းသိမ်းနိုင်မည် ဟု ဝန်ကြီးဌာနက ပြောသည်။

တိုက်လေယာဉ်များပေးပို့မှုကို ၂၀၃၁ ခုနှစ်တွင်စတင်နိုင်ရန် စီစဉ်ထားပြီး တစ်နှစ် လျှင် လေယာဉ်ခြောက်စင်းအထိ ထောက်ပံ့ ပေးနိုင်မည်ဟု မျှော်လင့်ထားသည်။ ၂၀၂၃ ခုနှစ်အောက်တိုဘာ ၇ ရက်က ဂါဇာကမ်းမြောင် ဒေသ၌ စစ်ပွဲဖြစ်ပွားချိန်မှစ၍ အစ္စရေး သည် ဒေါ်လာ ၄၀ ဘီလီယံတန်ဖိုးရှိ ဝယ်ယူ ရေးသဘောတူညီချက်များ ရရှိထားသည်ဟု အစ္စရေးကာကွယ်ရေးဝန်ကြီးဌာန ညွှန်ကြား ရေးမှူးချုပ်ဖြစ်သူ အားရယ်ဇမီရာက ပြောသည်။

ဆင်ဟွာ

# ကထိန်သင်္ကန်းနှင့် အကျိုးထူးငါးဖြာ

**မြန်မာတစ်ဆယ့်နှစ်လတွင် တန်ဆောင်မုန်းလသည် အဋ္ဌမလဖြစ်ပြီး ရှေးခေတ်ကျောက်စာတို့၌ "တန်ဆောင်မှုန်" ဟုရေးထိုး၍ ရွတ်ဆိုခေါ်ဝေါ်ရာတွင် "တန်ဆောင်မှုန်း"ဟု ခေါ်ဝေါ်ကြသည်။ ထိုမှတစ်ဆင့် တန်ဆောင်မုန်းဟု ရွေ့လျားလာခြင်းဖြစ်ပေသည်။ တန်ဆောင်မုန်းလတွင် တန်ဆောင်တိုင်ပွဲကို နှစ်စဉ် ကျင်းပလေ့ရှိသည်။**

**မောင်သောင်းဝင်း (တမန်ဟောင်း)**

ထို့ပြင် တန်ဆောင်မုန်းလတွင် ထူးခြားသည်မှာ ကထိန်လျာလှူဒါန်းပွဲ ဖြစ်သည်။ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ တစ်လအတွင်း လှူဒါန်းရသောပွဲသည် ကထိန်လျာလှူဒါန်းပွဲဖြစ်သည်။ တစ်နှစ်တွင် တစ်လ၊ တစ်လတွင် တစ်ရက်၊ တစ်ရက်တွင် တစ်ကြိမ်၊ တစ်ကြိမ်တွင် တစ်ကျောင်း လှူဒါန်းလေ့ရှိသော အလှူမျိုးဖြစ်သည်။ မြန်မာ့ရိုးရာယဉ်ကျေးမှုပွဲတော်များတွင် တန်ဆောင်မုန်းလ ကထိန်လျာဥတ်သင်္ကန်းကပ်လှူပွဲမှာ ထင်ရှားလှပေသည်။

**ပီတိဖြစ်ဖွယ်ရာမြင်ကွင်း**

"အလှူရေစက်လက်နှင့်မကွာ" ဆိုသောစကားသည် ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးများ၏ အလှူဒါနရက်ရောမှုကို ဖော်ညွှန်းလျက်ရှိသည်။ ထိုသို့လှူဒါန်းရာတွင် အလှူရှင်၊ လှူဖွယ်ပစ္စည်းနှင့် အလှူခံပုဂ္ဂိုလ်တို့ အပေါ်မူတည်၍ အကျိုးဖြစ်ထွန်းမှုလည်းကွာခြားလျက်ရှိသည်။ ဗုဒ္ဓဘာသာမြန်မာတို့သည် ဝါလကင်းလွတ် သီတင်းကျွတ်ပြီဆိုသည်နှင့် နိုင်ငံတစ်ဝန်းတွင် ဘုရားပွဲများ၊ ရှင်ပြုပွဲများ၊ တရားပွဲများ၊ အလှူမင်္ဂလာပွဲများကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပလာကြသည်။ အထူးသဖြင့် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်မှသည် တန်ဆောင်မုန်းလပြည့်နေ့အထိ တစ်လတာကာလအတွင်း ရပ်ကွက်၊ ကျေးရွာ၊ ရုံး၊ ဌာနအလိုက် ကထိန်သင်္ကန်းဆက်ကပ် လှူဒါန်းပွဲများကို နှစ်စဉ် ကျင်းပလျက်ရှိကြသည်။ ပီတိဖြစ်ဖွယ်ရာပင် ဖြစ်သည်။

**လှူဒါန်းတတ်စေလို**

စင်စစ်အားဖြင့် အလှူတစ်ခု၏အကျိုးကျေးဇူးသည် လှူဒါန်းသူ၏ စိတ်စေတနာ ထက်သန်မှုပေါ်တွင် များစွာမူတည်နေပါသည်။ အလှူရှင်၊ လှူဖွယ်ပစ္စည်းနှင့် အလှူခံပုဂ္ဂိုလ်သုံးဦး၊ သုံးဖလှယ်တို့တွင် သီလ၊ သမာဓိ၊ ပညာတို့နှင့် ပြည့်စုံနေမည်ဆိုလျှင် ထိုလှူဒါန်းမှုအတွက် အကျိုးပေးသည်မှာ အတိုင်းထက် အလွန်ပင်ဖြစ်သည်။ အလှူရှင်သည် လယ်စိုက်သူနှင့်တူပြီး လှူဖွယ်ပစ္စည်းသည် မျိုးစေ့နှင့်တူညီမှုရှိသည်။ ထို့အတူ အလှူခံပုဂ္ဂိုလ်သည် လယ်ကွက်နှင့် အလားသဏ္ဌာန်တူညီသည်။ လယ်စိုက်သူ အလှူရှင်သည် ကြိုးပမ်းအားထုတ်မှုများ မည်မျှပင်ရှိနေစေကာမူ လှူဖွယ်ပစ္စည်းဖြစ်သည့် မျိုးစေ့သည် ညံ့ဖျင်းနေသည့်အပြင် အလှူခံပုဂ္ဂိုလ်ဖြစ်သော လယ်ကွက်တွင်လည်း မြေဆီလွှာညံ့ဖျင်းနေပါက အထွက်နှုန်းကောင်းနိုင်မည် မဟုတ်ချေ။ ထို့အတူ လယ်စိုက်သူ အလှူရှင်၏ အားထုတ်မှုနှင့် လှူဖွယ်ပစ္စည်း မျိုးစေ့တို့ မည်မျှပင်ကောင်းမွန်နေစေကာမူ အလှူခံပုဂ္ဂိုလ်ဖြစ်သည့် လယ်ကွက်သည် သီလဂုဏ်၊ ပညာဂုဏ်၊ သမာဓိဂုဏ်ဟု ခေါ်ဆိုသော မြေဆီလွှာများ မရှိပါက ထိုအလှူသည် အကျိုးကြီးမားစွာ ဖြစ်ထွန်းနိုင်မည် မဟုတ်ပေ။



ဖြူးမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စုပေါင်းဘုံကထိန် လှည့်လည်စဉ်။

အလှူခံပုဂ္ဂိုလ်ဖြစ်သည့် လယ်ယာမြေသည် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်များဖြစ်သည့် မြေဆီလွှာများ မည်မျှပင်ပြည့်စုံနေစေကာမူ လယ်စိုက်သူအလှူရှင်၏ စေတနာသုံးတန်ပြတ်သားမှုနှင့် မျိုးစေ့ဟုခေါ်ဆိုသည့် လှူဖွယ်ပစ္စည်းများ၏သန့်ရှင်းမှုတို့မရှိလျှင်လည်း ထိုအလှူအတွက် အကျိုးတရားသည် ကုန်ကျသလောက် အကျိုးကျေးဇူးများ ရရှိခံစားရနိုင်မည်မဟုတ်ချေ။ ထို့ကြောင့် အလှူဒါနပြုရာတွင် စေတနာသုံးတန်ပြတ်သားရန်၊ သန့်ရှင်းစင်ကြယ်သော လှူဖွယ်ပစ္စည်း ဖြစ်နေစေရန်နှင့် သီလ၊ သမာဓိ၊ ပညာဂုဏ်တို့နှင့် ပြည့်ဝသော အလှူခံပုဂ္ဂိုလ်တို့ကို ရွေးချယ်လှူဒါန်းတတ်ရန် လိုအပ်ပါသည်။

**သင်္ကန်းတွင် ကထိန်၊ ကျောင်းမှာသိမ်**

လူတိုင်းသည် နေ့စဉ်ဒါနကောင်းမှုကုသိုလ် အမျိုးမျိုးပြုလုပ်နိုင်ပေသည်။ အထူးသဖြင့် "သင်္ကန်းတွင် ကထိန်၊ ကျောင်းမှာ သိမ်" ဆိုသောစကားသည် ဗုဒ္ဓဘာသာဝင်တို့အတွက် အလှူဒါနပြုရာတွင် အကျိုးဖြစ်ထွန်းစေရန် လမ်းပြပေးလျက်ရှိသည်။ ဆိုလိုသည်မှာ ကျောင်းလှူရာတွင် သိမ်ကျောင်း လှူဒါန်းခြင်းသည် အကျိုးများစွာဖြစ်ထွန်းစေသည်။ မြင့်မြတ်သောရဟန်းပြုခြင်း၊ ဥပုသ်သီတင်းသီလဆောက်တည်ခြင်းနှင့် အခြားသော သံဃာကိစ္စအဝဝတို့ကို ထိုသိမ်ကျောင်းအတွင်း၌သာ ပြုလုပ်ကြသည်။ ထို့ကြောင့် သိမ်ကျောင်းသည် သာသနာ၏ ရေသောက်မြစ်ဟုပင် ဆိုနိုင်သည်။ ထိုနည်းတူစွာပင် ကထိန်သင်္ကန်းသည်လည်း ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲမထားဘဲ "သံဃာ" ကိုသာ ရည်မှန်း လှူဒါန်းရခြင်း ဖြစ်သည်။

ကထိန်သင်္ကန်းသည် သံဃာများကိုသာ ရည်မှန်းလှူဒါန်းရသောကြောင့် သံဃိကဒါနမြောက်ခြင်း၊ နှစ်စဉ် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်နေ့အထိသာ လှူဒါန်းရသဖြင့် ကာလဒါနမြောက်ခြင်း၊ သံဃာတော်များကို လာဘ်လာဘဖြစ်ထွန်းစေကာ ချမ်းသာစေခြင်း၊ လှူဒါန်းသူကို အကျိုးငါးပါး တိုးပွားစေခြင်းနှင့် သံဃာများအား ဝိနည်းသိက္ခာငါးပါးဖြင့် သင့်ရောက်နိုင်သော အာပတ်တို့ကို ပြယ်နိုင်ခြင်းတို့ကြောင့် ကထိန်သင်္ကန်းလှူဒါန်းရခြင်းသည် အမွန်မြတ်ဆုံးဒါန တစ်ခုပင်ဖြစ်သည်။ ထိုသို့ ကထိန်ခင်းရာတွင် ဝါတွင်းသုံးလပတ်လုံး ဝါမကျိုးမပျက်ဘဲ ပဝါရဏာပြုသော ရဟန်းသံဃာတော်များရှိရာ ကျောင်းတိုက်များ၌သာ ကထိန်ခင်းရသည်။ ကထိန်ခင်းရာ၌ သင်္ကန်း တစ်ထည်တည်းဖြစ်စေ၊ အများကိုဖြစ်စေ "ဣမံစီဝရံ သံဃဿဒေမိ" ဤသင်္ကန်းကို သံဃာတော်များအားလှူဒါန်းပါ၏ဟု လျှောက်ထား၍ ဆက်ကပ်လှူဒါန်းကြပါသည်။

> **"လှူဒါန်းသူကို အကျိုးငါးပါး တိုးပွားစေခြင်းနှင့် သံဃာများအား ဝိနည်းသိက္ခာငါးပါးဖြင့် သင့်ရောက်နိုင်သော အာပတ်တို့ကို ပြယ်နိုင်ခြင်းတို့ကြောင့် ကထိန်သင်္ကန်းလှူဒါန်းရခြင်းသည် အမွန်မြတ်ဆုံးဒါန တစ်ခုပင်ဖြစ်သည်။ ထိုသို့ ကထိန်ခင်းရာတွင် ဝါတွင်းသုံးလပတ်လုံး ဝါမကျိုးမပျက်ဘဲ ပဝါရဏာပြုသော ရဟန်းသံဃာတော်များရှိရာ ကျောင်းတိုက်များ၌သာ ကထိန်ခင်းရသည်။ ကထိန်ခင်းရာ၌ သင်္ကန်းတစ်ထည်တည်းဖြစ်စေ၊ အများကိုဖြစ်စေ "ဣမံစီဝရံ သံဃဿဒေမိ" ဤသင်္ကန်းကို သံဃာတော်များအား လှူဒါန်းပါ၏ဟု လျှောက်ထား၍ ဆက်ကပ်လှူဒါန်းကြ"**

**ကထိန်သင်္ကန်းဖြစ်ပေါ်လာခြင်း**

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသော မြတ်စွာဘုရားရှင်အား ဖူးမြော်ရန်အတွက် ဘဒ္ဒဝဂ္ဂီနှင့် ရဟန်းသုံးကျိပ်တို့သည် ဝါကျွတ်သောအခါ ဝါဆိုဝါကပ်ရာဖြစ်သော သာကေတမြို့မှ ခြေကျင်ခရီးဖြင့် ကြွလာခဲ့ကြသည်။ ထိုစဉ်က မိုးကြီးသည်းထန်စွာ ရွာသွန်းသဖြင့် ရဟန်းများ မိုးရေစွတ်စိုကုန်ကြသည်။ ထိုသို့မိုးရေစိုစွတ်သော သင်္ကန်းဖြင့်ပင် ဖူးမြော်ကြသည်ကို မြတ်စွာဘုရား မြင်တွေ့ရသောအခါ ခရီးဝေးမှလာသည့် ထိုရဟန်းတို့ကိုအကြောင်းပြု၍ ပူရိမဝါကပ်ခြင်း၌ ပြည့်စုံသောရဟန်းတို့အား ကထိန်ခင်းခွင့်ပြုကြောင်း ပညတ်တော်မူခဲ့သည်။ ထိုအချိန်မှစ၍ ကထိန်သင်္ကန်း ဖြစ်ပေါ်လာခြင်းဖြစ်သည်ဟု ဗုဒ္ဓစာပေများတွင် ဖတ်ရှုမှတ်သားရပါသည်။

ကထိန်ပွဲတော်ကို "မိုးလကုန်စဲ ကထိန်ပွဲ" ဟူသောဆိုရိုးစကားနှင့်အညီ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ ခင်းကျင်းရသည်။ မြန်မာနိုင်ငံတွင် ရှေးဘုရင်များ လက်ထက်ကတည်းကပင် ကထိန်ပွဲများကျင်းပခဲ့ကြသည်။ မျက်မှောက်ကာလတွင် ကထိန်ခင်းရာ၌ မရှိန္ဓမ်းပါးသော ရဟန်းကိုဖြစ်စေ၊ အကြီးဆုံးမထေရ်ကိုဖြစ်စေ ကပ်လှူရန်အတွက် ဥတ်သင်္ကန်းအပြင် ပရိက္ခရာရှစ်ပါးနှင့် အခြားသော လှူဖွယ်ပစ္စည်းများကိုလည်း ထည့်သွင်းလှူဒါန်းလေ့ရှိကြသည်။

**အကျိုးကျေးဇူးများ**

စင်စစ်အားဖြင့် ဗုဒ္ဓဘာသာမြန်မာတို့အနေဖြင့် မိမိတို့၏ချွေးနဲစာကို တတ်နိုင်သမျှခြိုးခြံချွေတာစုဆောင်းပြီး ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းသွားမည်ဆိုလျှင် အောက်ဖော်ပြပါ အကျိုးငါးဖြာကို ချက်ချင်းရရှိနိုင်ပေသည်-

(၁) မိမိသွားလိုရာခရီးကို အတားအဆီး၊ အနှောင့်အယှက်မရှိ လွတ်လပ်ဘေးကင်းစွာ သွားလာနိုင်ခြင်း။

(၂) လုပ်ငန်းတာဝန်များကို ပြီးမြောက်အောင်မြင်စွာ ထမ်းဆောင်နိုင်ခြင်း။

(၃) အစာအဆိပ်သင့်မှု ဘေးအန္တရာယ်မှ ကင်းဝေးနိုင်ခြင်း။

(၄) မိမိပစ္စည်းဥစ္စာများအား အဖျက်အမှောင့်များရန်မှ ကာကွယ်နိုင်ခြင်း။

(၅) မိမိပစ္စည်းဥစ္စာများအား သူတစ်ပါးနိုင်ထက်စီးနင်း ယူဆောင်ခြင်းမှ ကာကွယ်နိုင်ခြင်း။

ထို့ပြင် ကထိန်သင်္ကန်းအလှူရှင်များသည် ရွှေအဆင်းကဲ့သို့ ဝင်းဝါသောအသားအရေရှိခြင်း၊ ခန္ဓာကိုယ်၌ အညစ်အကြေးကင်းစင်ခြင်း၊ ခန္ဓာကိုယ်နူးညံ့ပြေပြစ်ခြင်း၊ ကိုယ်ရောင်ကိုယ်ဝါတောက်ပခြင်း၊ နောက်ဆုံးပေါ် အဝတ်အစားမျိုးစုံကို ဝတ်ဆင်ခွင့်ရရှိခြင်း၊ ကျောင်းအစ်မကြီး ဝိသာခါကဲ့သို့ မဟာလတ္တာ တန်ဆာကို ဆင်မြန်းခွင့်ရရှိခြင်းနှင့် အဆုံးတစ်နေ့တွင် နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်ခြင်းဟူသော ထူးကဲသည့် အကျိုးတရားများစွာကိုလည်းရရှိနိုင်ပေသည်။ ဆိုရလျှင် ကထိန်သင်္ကန်းအလှူရှင်များဖြစ်ကြသည့် ဗုဒ္ဓဘာသာမြန်မာတိုင်းရင်းသားများသည် ဆိုခဲ့ပါအကျိုးတရားများရရှိနေမှာ အသေအချာပင် ဖြစ်သည်။

**မုဒိတာပွားနိုင်**

မြန်မာနိုင်ငံတွင် သီတင်းကျွတ်လပြည့်ကျော်သည်နှင့် ရပ်ကွက်အလိုက်၊ လမ်းအလိုက်၊ ကျေးရွာအလိုက် ကထိန်ပွဲများဖြင့် စည်ကားလျက်ရှိသည်။ ထို့ပြင် ရုံး၊ ဌာနများ၊ ကျောင်းများအလိုက်လည်း ကထိန်အလှူပွဲများ ကျင်းပလာကြသည်မှာ ပီတိဖြစ်ဖွယ်ရာပင်ဖြစ်သည်။ နေရာတိုင်းတွင် ပဒေသာပင်များနှင့် ပန်းရလျက်ရှိသည်။ ပဒေသာပင်ဟူသော ဝေါဟာရသည် ပြီးပြည့်စုံခြင်းဟု ဆိုနိုင်ပေသည်။ လူတစ်ဦးသည် ပဒေသာပင်တွင် မိမိတတ်နိုင်သမျှ ချိတ်ဆွဲ လှူဒါန်းနိုင်ပေသည်။ ငွေကြေးမတတ်နိုင်သူများသည်ပင်လျှင် လုပ်အားဒါနဖြင့် ပါဝင်လှူဒါန်းနိုင်ကြသည်။ ကထိန်ပွဲတော်တွင် မပါမဖြစ်သောအရာသည် ပဒေသာပင်လှည့်ခြင်းဖြစ်သည်။ ပဒေသာပင်လှည့်ခြင်း၏ ရည်ရွယ်ချက်သည် လှူဖွယ်ပစ္စည်းများ ချိတ်ဆွဲထားသော ထိုပဒေသာပင်များကို ကြည့်ရှုပြီး မုဒိတာပွားများနိုင်စေရန်ဖြစ်သည်။

**ဆက်လက်ထိန်းသိမ်းထားသင့်**

ကမ္ဘာတွင် အလှူရေစက် လက်နှင့်မကွာသည်မှာ ပြည်ထောင်စုဖွား မြန်မာတိုင်းရင်းသားများသာ ဖြစ်ကြသည်။ သာဓကအနေဖြင့် မြန်မာတို့သည် အလှူဒါနရက်ရောကြသဖြင့် မြန်မာနိုင်ငံသည် အလှူအတန်းပြုရာတွင် ကမ္ဘာ့အဆင့် တစ် နေရာ၌ပင် ရပ်တည်နိုင်ခဲ့ဖူးသည်။ အထူးသဖြင့် ကျေးလက်နေ ပြည်သူများသည် လယ်ယာထွက်ကုန် ပေါ်ဦး၊ ပေါ်ဖျား၊ စားဦး၊ စားဖျားတို့ကို *စာမျက်နှာ ၂၁ သို့*

# ချင်းပြည်နယ်အစိုးရအဖွဲ့ ဆောင်းသီးနှံစိုက်ပျိုးရေး မျိုးစေ့ပေးအပ်

ဟားခါး နိုဝင်ဘာ ၇

**၂၀၂၄-၂၀၂၅ ခုနှစ် ဆီထွက်သီးနှံ ဆောင်းနေကြာစိုက်ပျိုးထုတ်လုပ်ရေးအတွက် ဆင်းရှေကြာ(၂)၊ နေကြာမျိုးစေ့နှင့် ကိုက်လန်မျိုးစေ့ပေးအပ်ပွဲကို နိုဝင်ဘာ ၆ ရက်က ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးရှိ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

ဦးစွာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က ချင်းပြည်နယ်အတွင်း ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ဆီထွက်သီးနှံစိုက်ဧကမှာ ၁၁၁၁၇ ဧကဖြစ်ပြီး အထွက်စုစုပေါင်း ၂၀၉၂၆၆ တင်းထွက်ရှိကာ ဆီဖူလုံမှုအနေဖြင့် ၃၁ ဒသမ ၀၈ ရာခိုင်နှုန်း၊ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် ဆီထွက်သီးနှံစိုက်ဧကမှာ ၁၁၁၄၄ ဧကဖြစ်ပြီး အထွက်စုစုပေါင်း ၂၁၈၁၁၉ တင်း ထွက်ရှိကာ ဆီဖူလုံမှုအနေဖြင့် ၃၂ ဒသမ ၉၂ ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ ယခုနှစ် ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ဆီထွက်သီးနှံစိုက်ဧကမှ ၁၁၇၀၃ ဧက စိုက်ပျိုးမည်ဖြစ်ပြီး ဆီဖူလုံမှုမှာ ၄၅ ဒသမ ၃၇ ရာခိုင်နှုန်း ဆောင်ရွက်လျက်ရှိကြောင်း၊ ချင်းပြည်နယ်အတွင်း စိုက်ပျိုးရေးကဏ္ဍတွင် အဓိကသီးနှံ ၁၀ မျိုး ပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်လျက်ရှိရာ ဆီထွက်သီးနှံဖြစ်သည့် နေကြာသီးနှံကိုလည်း ပန်းတိုင်အထွက်နှုန်းတင်း ၅၀ ရရှိအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ခြင်း၊ မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးခြင်းတို့ကို ဆက်စပ်ဌာနများ၊ ကုမ္ပဏီအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မျိုးဦးက ၂၀၂၄- ၂၀၂၅ ခုနှစ် ဆီထွက်သီးနှံ၊ ဆောင်းနေကြာ စိုက်ပျိုးထုတ်လုပ်ရေးအတွက် ဆင်းရှေကြာ(၂)၊ နေကြာမျိုးစေ့နှင့် ကိုက်လန်မျိုးစေ့ပေးအပ်ပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးနေစိုးနှင့် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မျိုးဦးတို့က ဆင်းရှေကြာ(၂)၊ နေကြာမျိုးစေ့နှင့် ကိုက်လန်မျိုးစေ့များကို ပေးအပ်ရာ တောင်သူဦးဒေါ်သ်ကျုံး၊ ဦးလျန်မောင်းနှင့် ဦးရွှန်ပဲန်းတို့က လက်ခံယူကာ တောင်သူများကိုယ်စား ဦးဒေါ်သ်ကျုံးက ကျေးဇူးတင်စကား ပြောကြားသည်။




ယင်းနောက် စိုက်ပျိုးရေးဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ သမဝါယမဦးစီးဌာန စသည့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိတို့ဌာနအလိုက် တောင်သူများ သိသင့်သိထိုက်သည့်အချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တောင်သူများ၏ မေးမြန်းတင်ပြချက်များအပေါ် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခြင်းနှင့် ဆောင်ရွက်ပေးနိုင်သည့် အချက်များကို ရှင်းလင်းကြပြီး ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးက လိုအပ်ချက်များ ဖြည့်စွက်ဆွေးနွေးကာ ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကျောက်တန်းမြို့နယ် ကရင်ချောင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီး

**ကျောက်တန်း နိုဝင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကရင်ချောင်ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို နိုဝင်ဘာ



၆ ရက်က ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ သန်လျင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးကြူ၊ ကျောက်တန်းမြို့နယ်ဦးစီးမှူးနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင်များနှင့်အတူ ကရင်ချောင်ကျေးရွာတွင် အရှည် ပေ ၄၆၀၊ အကျယ် ၁၀ ပေ၊ ဒုခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုသည်။

အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၂၀ စုစုပေါင်းရန်ပုံငွေကျပ် သိန်း ၁၇၀ ကို အသုံးပြုကာ ယခုနှစ်အောက်တိုဘာလ ဒုတိယပတ်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာခိုင်နှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ ၂၂၂



မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ နန်းတော်ရှေ့ဈေး၌ နိုဝင်ဘာ ၆ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဇော်မျိုးထက်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးတာဝန်ရှိသူများ ပူးပေါင်း၍ မီးဘေးအန္တရာယ် ကင်းဝေးစေရေးအတွက် အသိပညာပေး စစ်ဆေးခြင်းများ ပြုလုပ်စဉ်။ မောင်ကျော်ကြီး

## အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၃) ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်ဆောင်ပုဒ်ဖြစ်သည့် **"Amplifying the leadership of persons with disabilities for an inclusive and sustainable future"**ကို **"အနာဂတ်မှာ အားလုံးရေရှည်တည်တံ့ရေး မသန်စွမ်းသူများခေါင်းဆောင်နိုင်မှု မြှင့်တင်ပေး"** ဟူ၍ မြန်မာဘာသာသို့ ပြန်ဆိုထားရှိပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ စာပေဝါသနာရှင်များအနေဖြင့် ယခုနှစ်အတွက် သတ်မှတ်ထားရှိသည့် ဆောင်ပုဒ်နှင့်အညီ ဆောင်းပါးပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။ ဆောင်းပါးတွင် အောက်ဖော်ပြပါအချက်များ ထည့်သွင်းရေးသားသင့်ပါသည်-

- (က) မသန်စွမ်းသူများအတွက် လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာလှုပ်ရှားဆောင်ရွက်မှုများ၊
- (ခ) အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ ပေါ်ပေါက်လာပုံ၊
- (ဂ) အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ ကျင်းပရသည့် ရည်ရွယ်ချက်၊
- (ဃ) မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းတွင် ဖော်ပြပါရှိသော တန်းတူအခွင့်အရေးများ၊
- (င) နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များ၊
- (စ) မသန်စွမ်းသူများကြုံတွေ့နေရသည့် အတားအဆီးတို့နှင့် စပ်လျဉ်း၍ ထင်မြင်ယူဆချက် ( ဥပမာ - မသန်စွမ်းသူများ လူ့အဖွဲ့အစည်းအတွင်း အများနည်းတူနေထိုင်ရှင်သန်နိုင်ရေးအတွက် ကြုံတွေ့နေရသည့် အခြေခံအဆောက်အဦဆိုင်ရာ၊ လူ့အဖွဲ့အစည်းဆိုင်ရာ အတားအဆီးများ၊ မသန်စွမ်းသူများအပေါ် ၎င်းအတားအဆီးတို့၏ အကျိုးသက်ရောက်မှုနှင့် အတားအဆီးကင်းသော ပတ်ဝန်းကျင်၏ အဓိပ္ပာယ်)
- (ဆ) မသန်စွမ်းသူများ၏ အခွင့်အရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ SDGs နှင့် ချိတ်ဆက်နေကြောင်း ရှင်းလင်းတင်ပြချက်၊
- (ဇ) အကြံပြုချက်များ၊
- (ဈ) သတ်မှတ်ချက် - ပြိုင်ပွဲဝင်ဆောင်းပါးသည်ကွန်ပျူတာဖြင့်ဆိုပါက Pyidaungsu Font 13 ဖြင့် A4 (၄) မျက်နှာထက် မပိုစေရ၊ လက်ရေးစာမူဖြစ်ပါက A4 (၆) မျက်နှာထက် မပိုစေရ။

၃။ ပါဝင်ယှဉ်ပြိုင်သူများသည် မိမိတို့ရေးသားယှဉ်ပြိုင်မည့် ဆောင်းပါးတို့ကို ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ထိခိုက်လွယ်အုပ်စုများဌာနခွဲ တယ်လီဖုန်းအမှတ်-၀၆၇-၃၄၀၄၆၀၃၊ ၀၆၇-၃၄၀၄၆၀၄ နှင့် E-mail-vulnerablegroup.dor@gmail.com တို့ထံ ဆက်သွယ်၍ (၁၄.၁၁.၂၀၂၄)ရက်၊ ကြာသပတေးနေ့၊ ညနေ(၁၆:၀၀) နာရီအထိ နောက်ဆုံးထား ပေးပို့ရမည်ဖြစ်ပါသည်။

၄။ ပေးပို့လာသည့် ဆောင်းပါးစာမူတို့ကို ဆောင်းပါး(စာမူ)စိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် ရွေးချယ်ပြီး ပထမဆု၊ ဒုတိယဆု၊ တတိယဆုများအား ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

*စာမျက်နှာ ၂၀ မှ*

ဦးစွာအလှူအတန်း ပြုလုပ်ကြသည်။ ထို့ပြင် စာနာမှု၊ လူသားချင်း ကိုယ်ချင်းစာတရားနှင့် ပြည့်စုံကြသည့် လူမျိုးများ ဖြစ်သည်။ သာဓကအနေဖြင့် ရေဘေးအပါအဝင် သဘာဝဘေးဒဏ်သင့်ပြည်သူများကို ငွေအား၊ လူအားတတ်နိုင်သမျှ ဝိုင်းဝန်းကူညီဖေးမလှူဒါန်းခဲ့ကြသည်။ ဂုဏ်ယူစရာကောင်းသော ထိုစိတ်ဓာတ်နှင့် ရိုးရာထုံးတမ်းအစဉ်အလာတို့ကို သားစဉ်မြေးဆက် ဆက်လက်ထိန်းသိမ်းသွားရန်သည် မျိုးဆက်သစ်တို့၏ တာဝန်ပင်ဖြစ်သည်။

**ကထိန်သင်္ကန်းနှင့် အကျိုးထူးငါးဖြာ**

ဆိုရလျှင် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းသောအလှူသည် ဗုဒ္ဓဘာသာ မြန်မာတိုင်းရင်းသားများအတွက် များစွာကုသိုလ်ဖြစ်ထွန်းစေသော အလှူဒါနတစ်ခုပင်ဖြစ်သည်။ ထိုအလှူကို တတ်အားသရွေ့ ပါဝင်လှူဒါန်းခြင်းသည် လောကီလောကုတ္တရာ နှစ်ဖြာသော အကျိုးတရားများရရှိစေမည်ဖြစ်သည်။ ထိုသို့ လှူဒါန်းရာတွင်လည်း ငွေကြေးနှင့်အချိန် ကုန်ရကျိုးနပ်အောင် ကထိန်သင်္ကန်းကို သံဃာလက်ဝယ်သို့ ကိုယ်တိုင်ကိုယ်ကျ ပါဝင်လှူဒါန်း ဆက်ကပ်သွားသင့်ပေသည်။ သို့မှသာလျှင် အကျိုးတရားများစွာကို လက်တွေ့ကျကျ ရရှိစေမည်ဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမအားလုံးအနေဖြင့် **အကျိုးထူးငါးဖြာကို ချက်ချင်းရရှိစေနိုင်သော ကထိန်သင်္ကန်းကို** ဆက်ကပ်လှူဒါန်းသွားကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့သူများအား ဂုဏ်ပြု



**တံတားဦး နိုဝင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်၌ ခရိုင်အဆင့် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပွဲကို နိုဝင်ဘာ ၅ ရက်က တံတားဦးမြို့ အခြေခံပညာ အထက်တန်းကျောင်း ရတနာထွန်းခန်းမ၌ ကျင်းပသည်။

ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ကိုလင်းက ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ဆက်လက်၍ ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ခရိုင်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ကြသည်။

ရဲတင့်(ပြန်/ဆက်)




## ပိုးစာပင်မွေးမြူရေးသင်တန်း ဖွင့်လှစ်

**မြစ်ကြီးနား နိုဝင်ဘာ ၇**

ကချင်ပြည်နယ် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ကြီးမှူး၍ ဒေသလိုအပ်ချက်နှင့် ကိုက်ညီသော ပိုးမွေးမြူရေးသင်တန်း (ပိုးစာနှင့်စိုက်ပျိုးမွေးမြူရေးသင်တန်း) (၁/၂၀၂၄) ဖွင့်ပွဲကို နိုဝင်ဘာ ၆ ရက်က မန်ခိန်ရပ်ကွက်ရှိ မြစ်ကြီးနားမြို့ စိုက်ပျိုးရေးဦးစီးဌာန ဝါးနှင့် လျှော်မျှင်ထွက် သီးနှံဌာနခွဲ ပိုးစာခြံသင်တန်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ကချင်ပြည်နယ် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသူရိန်လင်းက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားပြီး သင်တန်းနည်းပြများက ပိုးစာပင်စိုက်ပျိုးခြင်း၊ ပျိုးထောင်ခြင်း၊ ပိုးဥဖောက်ခြင်း၊ ပိုးငယ်စဉ် မွေးမြူခြင်း၊ ပိုးကြီးစဉ်မွေးမြူခြင်းများကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးလျက်ရှိသည်။ အဆိုပါ သင်တန်းတွင် ဒေသခံတိုင်းရင်းသား တိုင်းရင်းသူ ၂၀ တက်ရောက်လျက်ရှိပြီး နိုဝင်ဘာ ၆ ရက်မှ ၈ ရက်အထိ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## အမျိုးသားသွေးဌာန၌ စုပေါင်းသွေးလှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၇**

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (၁၃၆)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲကို နိုဝင်ဘာ ၆ က ကျောက်တံတားခရိုင် လသာမြို့နယ်ရှိ အမျိုးသားသွေးဌာန၌ ကျင်းပသည်။

သွေးလှူဒါန်းရာတွင် ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးဝင်းမောင်ဆန်းနှင့်အဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နုနုဆွေနှင့် အဖွဲ့ဝင်များ၊ ကျောက်တံတားခရိုင်၊ မြို့နယ်များမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊မိခင်နှင့်ကလေးအသင်းအဖွဲ့ဝင်များ တက်ရောက်အားပေးခဲ့ပြီး တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှ သွေးလှူဒါန်းသည့် ဝန်ထမ်း ၄၄ ဦးတို့အား အာဟာရပစ္စည်းများနှင့် ဆေးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။




အောင်ကျော်(ပြန်/ဆက်)


# ၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှအက်စစ်ဖြစ်ထွန်းမှု စောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia– EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများ၏ ရွာသွန်းသော မိုးရေများကို စုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှု အခြေအနေကို သိရှိရန် မိုးရေ၏ pH တန်ဖိုးများ တိုင်းတာခြင်းလုပ်ငန်းများကို လစဉ် ဆောင်ရွက်လျက်ရှိပါသည်။ ပုံ(၁)

**ပုံ(၁)၊ မိုးရေနမူနာတိုင်းတာသည့် စခန်းများပြပုံ**




**ပုံ (၂)၊ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးများပြပုံ**



၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်း စခန်း ၃၁ စခန်းမှ မိုးရေနမူနာများ စုဆောင်းရယူခဲ့ပါသည်။ မိုးရေနမူနာတိုင်းတာရရှိခဲ့သည့်စခန်း ၃၁ စခန်းတို့မှ ရွာသွန်းခဲ့သော မိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး 6.5 – 8.5 အတွင်းတွင် ရှိကြောင်း တိုင်းတာရရှိခဲ့ပါသည်။ (ပုံ–၂)

မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့်စခန်း ၃၁ စခန်းတို့၌ ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှု အခြေအနေမရှိကြောင်း တွေ့ရှိရပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

**၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ**

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | မန္တလေး (ချမ်းအေးသာစံ) | ၇.၁ |
| ၂ | မန္တလေး (ချမ်းမြသာစည်) | ၇.၀ |
| ၃ | ခန္တီး | ၆.၉ |
| ၄ | တောင်ကြီး | ၇.၁ |
| ၅ | မိုင်းဆတ် | ၆.၆ |
| ၆ | ကျိုင်းတုံ | ၇.၂ |
| ၇ | စစ်ကိုင်း | ၆.၉ |
| ၈ | ဟုမ္မလင်း | ၇.၁ |
| ၉ | ညောင်ဦး | ၆.၈ |
| ၁၀ | မုံရွာ | ၆.၈ |
| ၁၁ | ပျဉ်းမနား | ၆.၉ |
| ၁၂ | ပြင်ဦးလွင် | ၇.၀ |
| ၁၃ | ရန်ကုန် (ကမ္ဘာအေး) | ၇.၀ |
| ၁၄ | မှော်ဘီ | ၆.၅ |
| ၁၅ | မကွေး | ၇.၀ |
| ၁၆ | အောင်လံ | ၆.၇ |
| ၁၇ | စစ်တွေ | ၆.၉ |
| ၁၈ | ကျောက်ဖြူ | ၆.၅ |
| ၁၉ | ပြည် | ၆.၆ |
| ၂၀ | ပဲခူး | ၆.၈ |
| ၂၁ | တောင်ငူ | ၆.၆ |
| ၂၂ | ပုသိမ် | ၇.၀ |
| ၂၃ | မအူပင် | ၇.၁ |
| ၂၄ | ဟသ်္သာတ | ၆.၉ |
| ၂၅ | မော်လမြိုင် | ၇.၀ |
| ၂၆ | ဘီးလင်း | ၆.၇ |
| ၂၇ | ဘားအံ | ၆.၈ |
| ၂၈ | ကော့ကရိတ် | ၇.၀ |
| ၂၉ | ထားဝယ် | ၇.၀ |
| ၃၀ | မြိတ် | ၆.၉ |
| ၃၁ | ကော့သောင်း | ၇.၃ |




## ဖောင်းကြွပျောက်ဆုံးပျောက်ထားခြင်း

ယာဉ်အမှတ် 9W/53536 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 72W/83979, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးဆွေ ၁၄/မအန(နိုင်)၁၁၈၇၈၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ဟင်္သာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/39358, Dayung 110 M/C ယာဉ်လက်ဝယ်ရှိသူ Thethar Zin Trading Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (သာယာဝတီ)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**

**ဘုတ်ပြင်းမြို့နယ်တရားရုံးတော်၌**

**၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၀**

**ဒေါ်အေးသိမ်မွေ့ခင် နှင့် ဦးသူရထွန်း**

**တရားလို တရားပြိုင်**

ဘုတ်ပြင်းမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ သုခကာရီမွန်ကျောင်းလမ်းနေ ဦးသူရထွန်း(ဘ)ဦးမြင့်ဌေး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်အေးသိမ်မွေ့ခင် က လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၁၈)ရက် (၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၃ ရက်)မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၄)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ထက်နိုင်လင်း)
မြို့နယ်တရားသူကြီး
ဘုတ်ပြင်းမြို့နယ်တရားရုံး

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၅ယ/၇၄၇၂၂, Yamaha TTX 110 ယာဉ်လက်ဝယ်ရှိသူ Auto R.Y Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 48W/34879, CQ 110 ယာဉ်လက်ဝယ်ရှိသူ Win Moe Aung Co.,Ltd. က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6W/97569, Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးသော်ဇင်လတ် ၁၄/ဖပန(နိုင်) ၁၂၆၁၅၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ဖျာပုံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/11783, Dream 99-110 M/C ယာဉ်လက်ဝယ်ရှိသူ That Hnin Su Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (သာယာဝတီ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 55W/97729, ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်ဝင်းမောင် ၇/ဝမန(ပြု)၀၀၁၂၅၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံး(ပဲခူး)**

## ဖောင်းကြွပျောက်ဆုံးပျောက်ထားခြင်း

ယာဉ်အမှတ် 82W/94575 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး၊ ဟင်္သာတမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ မြိတ်တောင်ရပ်ကွက်၊ အကွက်အမှတ်(၃၇)ဘုရားကိုင်ကွင်း၊ မြေကွက်အမှတ်(၃၄၇)၊ မြေဧရိယာ(၀.ဒသမ၀၃၄)ကေအား မြေငှားဂရန်အမှုတွဲအမှတ် ၂၁၀/၂၀၂၃-၂၀၂၄ အရ ဦးဇော်မင်းထိုက်၊ ဒေါ်ခင်ငြိမ်းချမ်း တို့အမည်ဖြင့် ရရှိခဲ့ပြီး (၁၉-၁၂-၂၀၂၃)ရက်တွင် မြေငှားဂရန်သက်တမ်း ကုန်ဆုံးခဲ့ပါသည်။ အဆိုပါ မြေနေရာအား မြေငှားဂရန်(အသစ်) လျှောက်ထားနိုင်ရေး ဦးဇော်မင်းထိုက် ၆/မအရ(နိုင်)၀၉၉၉၄၀၊ ဒေါ်ခင်ငြိမ်းချမ်း ၆/မအရ(နိုင်) ၀၈၉၁၅၆ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့် အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## အများပြည်သူသို့ အသိပေးကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ် စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၇၆ ပုဒ်မခွဲ(ခ)အရ **"မော်တော်ဆိုင်ကယ်ကို စီးနင်းမောင်းနှင်ရာတွင် ရှေ့မီးအနိမ့်ကို နေ့/ည အချိန် တိုင်းတွင် ဖွင့်၍မောင်းနှင်ကြပါရန်"** အသိပေးအပ်ပါသည်။ **နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းပျဉ်းမြို့နယ်၊ အထက(မိုင်းပျဉ်း)မှ အထက်တန်းပြဆရာမ ဒေါ်နန်းစံဟွမ် ၁၃/မပတ(နိုင်) ၀၂၃၄၂၄ ၏ ဖခင် ဦးအိုက်ပိုင်း (ခ) ဦးစိုင်းပိုင်း (ခ) ဦးအိုက်ပိုင် ၁၃/မပတ(နိုင်) ၀၀၂၇၉၁ မှာတစ်ဦးတည်းဖြစ်ပါကြောင်း။

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ယမင်းသက်ဝေ (ဘ) ဦးသက်ဝေ (၁၄/ပတန(နိုင်)၁၃၅၀၂၅) လွှဲအပ်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ယမင်းသက်ဝေနှင့် ဦးရဲမာန်အောင်တို့သည်(၂၀၁၈)ခုနှစ်တွင် လက်ထပ်ထိမ်းမြားခဲ့ကြပြီး လက်ထပ်ပွားပစ္စည်းအဖြစ် Harrier (1D-6531) အဖြူရောင်ယာဉ်တစ်စီး ဖြစ်ထွန်းခဲ့ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြထားသော လက်ထပ်ပွားပစ္စည်းအား ဒေါ်ယမင်းသက်ဝေ ၏ သဘောတူခွင့်ပြုခြင်းမရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ပါရန်နှင့် အကယ်၍ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိဖြူနှင်း၊ အထက်တန်းရှေ့နေ (စဉ်-၅၄၅၇၈)**
**ဖုန်း-၀၉ ၄၂၀ ၀၄၇ ၅၅၅**

## အများသိစေရန် ကြေညာခြင်း

မြိတ်မြို့၊ နောက်လယ်ရပ်ကွက်၊ အကွက်အမှတ်(၂၅-ခ)၊ အကွက်အမည်-နောက်လယ်ကွင်း၊ ဦးပိုင်အမှတ်(က/၁၀၆)၊ မြေဧရိယာ (၀ဒသမ၀၁၁)ကေကို ဘိုးဘပိုင်အမည်ပြောင်းပေးရန် ဒေါ်ဌေးဌေးစံပါ(၂)ဦးတို့မှ လျှောက်ထားလာသည့်အတွက် ယင်းတို့၏ အမည်ကိုပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃ရက်မတိုင်မီဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး၊ မြိတ်မြို့နယ်မြေစာရင်းဦးစီးဌာန၊ မြိတ်မြို့**

## တောင်ငူမြို့၌ အဘိုးအဘွားများနှင့် အငြိမ်းစားဝန်ထမ်းများအား ကန်တော့

**တောင်ငူ နိုဝင်ဘာ ၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ကေတုမတီဘိုးဘွားရိပ်သာခန်းမ၌ တောင်ငူခရိုင်နှင့် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက (၃၆) နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် အဘိုးအဘွားများနှင့် အငြိမ်းစားဝန်ထမ်းများအား လှူဖွယ်ပစ္စည်းများဖြင့် ကန်တော့ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီလွင်စိုးက လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ပြောကြားသည်။ ထို့နောက် ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လင်းအောင်၊ ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများက အဘိုးအဘွား ၄၅ ဦး၊ အငြိမ်းစားဝန်ထမ်း ၃၅ ဦးတို့အား လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။

**ဇော်ကိုကို (တောင်ငူ)**



## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မြိတ်မြို့၊ ရာပြည့်(၇)လမ်းနေ ဦးဘခက် ၆/မမန(နိုင်) ၁၂၁၉၉၇နှင့် ဒေါ်သန်းကြည် ၆/မမန(နိုင်) ၁၂၀၉၄၀ တို့၏သားဖြစ်သူ မောင်နန္ဒ သည် မိမိသ ဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ထားပြီး ဖြစ်ပါသဖြင့် နောက်နောင်၎င်းနှင့်ပတ်သက်သည့်မည်သည့်ကိစ္စကိုမဆို လုံးဝ (လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဘခက်-ဒေါ်သန်းကြည်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/42588, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးမိုးလွင် ၁၄/ကလန(နိုင်) ၁၀၄၇၂၆ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်) မအူပင်မြို့**

## ပဲခူးမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ဥပဒေအသိပညာပြန့်ပွားရေး ဟောပြောပွဲပြုလုပ်

**ပဲခူး နိုဝင်ဘာ ၇**

ဥပဒေအသိပညာပြန့်ပွားရေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ပဲခူးမြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း ဝိုင်အမ်ဘီအေခန်းမ၌ ကျင်းပသည်။



ဦးစွာ ပဲခူးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးစောညီညီထွေးက အမှာစကား ပြောကြားပြီး ခရိုင်ဥပဒေအရာရှိ ဒေါ်စုစုဝင်းက ကလေးသူငယ် အခွင့်အရေးများနှင့် ပတ်သက်၍ အသိပညာပေးခြင်း ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဒုတိယခရိုင်ဥပဒေအရာရှိ ဒေါ်မေသူအောင်က လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေများနှင့် ပတ်သက်၍ လည်းကောင်း၊ ဒုတိယခရိုင် ဥပဒေအရာရှိ ဦးအောင်လံဝင့်က အမျိုးသမီးတို့အတွက် ဥပဒေအကာအကွယ် ပေးခြင်း ခေါင်းစဉ်ဖြင့် လည်းကောင်း အသိပညာပေး ဟောပြောခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 49W/92089, Honda Wave BLADE 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ခင်ယု ၁၄/မအပ(နိုင်) ၀၁၁၂၁၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်) မအူပင်မြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၆၃ယ/၄၅၀၇၃, Haojue110 ယာဉ်လက်ဝယ်ရှိသူ ဦးသောင်းဌေး ၁၄/ဇလန(နိုင်)၀၀၂၆၈၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ဟင်္သာတ)**

- **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ကမ္ဘောဇဘဏ်လီမိတက်၏ Quick Access Loan (QAL), Personal Loan, Shopper Loan နှင့် Shopper Installment Loan ချေးငွေများ ရယူသုံးစွဲပြီး ချေးငွေ ပြန်လည်ပေးဆပ်ရန် ကျန်ရှိနေသူများအား ထပ်မံသိရှိစေရန် အသိပေးကြေညာခြင်း

"ကမ္ဘောဇဘဏ်လီမိတက်၏ Quick Access Loan (QAL), Personal Loan, Shopper Loan နှင့် Shopper Installment Loan ချေးငွေများရယူထားသူများအနက် ချေးငွေပြန်လည်ပေးဆပ်ရန် ပျက်ကွက်နေသူများအား (၁၁-၁၀-၂၀၂၄)ရက်နေ့ မြန်မာ့အလင်းသတင်းစာနှင့် (၁၁-၁၀-၂၀၂၄)ရက်နေ့ ကြေးမုံသတင်းစာတို့တွင် ပျက်ကွက်ချေးငွေများ ပြန်လည်ပေးဆပ်ရန် ပထမအကြိမ် အသိပေးကြေညာချက် ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

